# မင်းမြစ်သူရ

လေးကျွန်းမောင်ကြီး



# လေးကျွန်းမောင်ကြီး

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်းဒေသ ရွာငယ်လေးတစ်ရွာတွင် သူကြီးမင်း၏ အိမ်မှ မောင်းသံ တဒူဒူ ထုသောအသံကို တစ်ရွာလုံးကြားကြလေ၏။

ထိုအခါ ရွာသူရွာသားများသည် သူကြီးမင်း၏ နေအိမ်သို့ စုဝေးရောက်ရှိလာကြ၏။ ရွာသူရွာသားများသည် သူကြီး၏ မောင်းသံကြောင့် စုဝေးရောက်ရှိသော်လည်း အားလုံး၏ မျက်နှာမှာ ရွှင်ရွှင်လန်းလန်းမရှိဘဲ ဝမ်းနည်းကြေ ကွဲသော အမူအရာမျိုးရှိလေ၏။

ရွာသူရွာသားများသည် တစ်စုံတစ်ရာကို တွေးတော၍ စိုးရိမ်ထိတ်လန့်နေသော အမူအရာမျိုးလည်းရှိ၏။ ရွာသူရွာသားများ အိမ်ဝိုင်းထဲတွင် စုံသောအခါ သူကြီးမင်းထွက်လား၏။

သူကြီးကိုယ်တိုင်ပင် မျက်စိမျက်နှာပျက်ယွင်းနေသော အမူအရာမျိုးရှိနေလေ၏။

သူကြီး၏ အနောက်တွင် သူကြီးမင်းခိုင်းလိုရာခိုင်းစေသော တပည့်ကျော် ငွေတိုး ဆိုသူ ရှိ၏။ ငွေတိုးသည် သူကြီးမင်း၏ အရှိန်ဖြင့် အစဉ်သဖြင့် မျက်နှာတင်းတင်းမာမာရှိသော်လည်း ယခုအခါတွင် ငွေတိုးသည်ပင်လျှင် မျက် နှာညှိုးငယ်စွာ ရှိလေ၏။

လူစုံပြီဖြစ်သဖြင့် ငွေတိုးသည် သူကြီးမင်းကို ပြောလိုရာ ပြောရန် မသိမသာ အချက်ပြလိုက်၏။ သူကြီးသည် ယခင်ကဆိုလျှင် အဟမ်းဟု ချောင်းကိုဟန့်၍ သူကြီးပီပီ ဟန်ကြီး ပန်ကြီးနိုင်တက်သောလည်း ယနေ့တွင်မူ ထိုဟန်ပန်များ မတွေ့ရဘဲ ရွာသူရွာသားများကို ကြည့်၍

" ကျုပ် ဒီနေ့ခေါ်တဲ့အကြောင်းကို ရွာသူရွာသားအားလုံး သိပြီးသားဖြစ်လို့ ကျုပ် ဘာတစ်ခုမှ အပိုအပြော ချင်တော့ဘူး၊ ကျုပ်ပြောချင်တဲ့အကြောင်းက ကျုပ်တို့ဖြစ်နေတဲ့ ဆင်းရဲဒုက္ခဆိုးကြီးကို

ဘယ်လိုရင်ဆိုင်ကျော်ဖြတ် ရမှာလဲ”

ဟု ပြောလေရာ သူကြီး၏ စကားသံကို နားထောင်၍ ရွာသူရွာသားများသည် မည်သူမျှ တုတ်တုတ်မလှုပ်ဘဲ ရှိလေ၏။

သူကြီးသည် ငြိမ်သက်နေသော ရွာသူရွာသားများကို ကြည့်၍ အားမလိုအားမရဖြစ်လာပြီး

“ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ ပြောကြစမ်းပါ၊ အားလုံးငြိမ်သက်မနေပါနဲ့၊ အကြံဉာဏ်တွေ ပေးကြစမ်းပါ၊ ဒါဟာ ကျုပ်တို့အတွက် အင်မတန်ကြီးမားတဲ့ ပြဿနာတစ်ခုပဲ”

ဟု အော်ဟစ်လိုက်လေ၏။ သူကြီးမင်း၏ အေမာ်သံဟစ်သံကို ကြားရသော်လည်း ရွာသူရွာသားများသည် ကျောက်ရုပ်များကဲ့သို့ တုပ်တုပ်မလှုပ်ဘဲ ရှိလေ၏။

သူကြီး၏ တပည့် ငွေတိုးသည် သူကြီးမင်းနည်းတူ ရွာသူရွာသားများကို အားမလို အားမရဖြစ်ကာ

“ ရွာသူရွာသားတွေ ပါးစပ်ပိတ်မနေပါနဲ့၊ သူကြီးကို အကြံဉာဏ်တွေ ဝိုင်းပေးကြဦး၊ သူကြီးမင်းတစ်ယောက် တည်း စဉ်းစားရလွန်းလို့ ခေါင်းပူပြီး အသက်ထွက်တော့မယ်”

ဟု ဝင်ရောက်ပြောဆိုလိုက်လေ၏။ သူကြီးမင်းသည် ရွာသူရွာသားများ၏ မျက်နှာကို လိုက်လံကြည့်ရှုရင်း မည်သူ အကြံပေးမည်နည်းဟု စောင့်နေလေ၏။

ထိုအခိုက်မှာပင် ရွာလူမိုက်ဖိုးတေသည် ထိုင်ရာမှထ၍

“ ကျုပ်တစ်ခု ပြောချင်ပါတယ်၊ ဒီလိုပြောချင်တာလည်း ကြာပါပြီ ဒါပေမဲ့ ပြောဖို့ အချိန်မကျသေးလို့ စောင့် နေတာပါ၊ ကျုပ်တို့တစ်ရွာလုံး

ဒီနေ့ကြုံတွေ့နေရတဲ့ ကပ်ဆိုးကြီးဟာ လူတစ်ယောက်နဲ့ ပတ်သက်နေတယ်လို့ ထင်တယ်”

ဟုပြောလေရာ ရွာလူမိုက်ဖိုးတေ၏ စကားကြောင့် တစ်ရွာလုံး ဖိုးတေကို စိတ်ဝင်စားစွာ ကြည့်လိုက်လေ၏။

ဖိုးတေသည် ရွာလူမိုက်ဖြစ်သော်လည်း ဘုန်းကြီးကျောင်းတွင် ကောင်းစွာ ပညာသင်ကြားဖူးသဖြင့် ၎င်းကို အထင်ကြီးကြ၏

ဖိုးတေက သူ့စကားကို တစ်ရွာလုံးစိတ်ဝင်စားမှန်းသိ၍ အနည်းငယ်ရင်ကော့လိုက်ပြီး

“ ကျုပ်တို့ရွာက လူတွေ ကပ်ရောဂါဖြစ်ပြီး တစ်ယောက်ပြီး တစ်ယောက် သေဆုံးကြတာ ထူးဆန်းတယ်၊ ကျုပ်တို့ရွာရဲ့ ထုံးစံမှာ ရှေးယခင်ကလဲ ဒါမျိုးတွေမရှိပါဘူး၊ ဒါကို ရှေ့မီနောက်မီ လူကြီးတွေ အားလုံးသိကြပ်တယ်”

ဟု ပြောလေရာ ရွာထဲရှိ အသက်ခုနှစ်ဆယ်ကျော် အဘိုးကြီး အဘွားကြီး တစ်ချို့သည် ခေါင်းတဆက်ဆက် ညိတ်လိုက်ကြ၏။

ဖိုးတေသည် သူ့စကားကို ထောက်ခံသူများရှိ၍ သွေးနထင်ရောက်ကာ လက်သီးဆုပ်လိုက်ပြီး

“ ဒါဟာ သွေးရိုးသားရိုး မဟုတ်ပါဘူး၊ ကျုပ်တို့ရွာကို မကျေနပ်တဲ့ တစ်စုံတစ်ယောက်က လုပ်ကြံတာ သေချာပါတယ်၊ အားလုံး သတိထားကြည့်ကြပါ၊ ဒါဟာ ရိုးရိုးသားသားဆိုရင် ရွာသူရွာသားတစ်ယောက် နှစ်ယောက်ပဲ ကပ်ရောဂါရမှာပေ့ါ၊ အခုလို တစ်ရွာလုံး နေ့မြင်ညပျောက် ဖြစ်ကြမှာလား၊ ဒါဟာ လုပ်ကြံမှုဆိုတာ သေချာပါတယ်၊ ရွာသူရွာသားတွေကို မုန်းတီးနေတဲ့ တစ်ယောက်ယောက်က အကွက်ချပြီး လုပ်တာပါ”

ဟု ပြောလေရာ ဒေါ်အုန်းသိန်းဆိုသော အဘွားကြီးက ငိုသံပါကြီးဖြင့်

ဝင်ရောက်၍

“ အဲဒီ လူဘယ်သူလဲ မြန်မြန်ပြောစမ်းပါ၊ ငါ့ မြေးလေးအသက်ထွက်တော့မယ်၊ အိပ်ရာထဲမှာလဲနေပြီ”

ဟု အလောတကြီး မေးမြန်လေ၏ ။ ထိုအခါ ဒေါ်အုန်းသိန်းနှင့် ရွယ်တူ အဘိုးကြီးတစ်ယောက်ကလည်း စိတ်လှုပ်ရှားဟန်ဖြင့်

“ ဟုတ်တယ်၊ အဲဒီ ကောင်ကို အမြန်ဆုံးပြောစမ်း”

ဟု မေးမြန်းလေ၏ ။ ရွာထဲတွင် စိတ်ဓာတ်တက်ကြွနေသော လူငယ်များကလည်း လက်သီးလက်မောင် တန်း၍

“ အဲဒီ လူကို အမြန်ဆုံးဖွင့်ပြောပါ”

ဟု တစ်ယောက်တစ်ပေါက် အော်ဟစ်လေ၏ ။

ရွာလူမိုက်ဖိုးတေသည် တစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်နေသည်ကို ကြည့်ရှု၍ လက်ကာပြလိုက်ပြီး

“ အားလုံးငြိမ်ကြပါ၊ ကျုပ်ပြောမှာပါ၊ အရင်ကတည်းက ကျုပ်ပြောချင်နေတာကြာပြီ၊ ဒါပေမဲ့ မသေချာသေး လို့ အပြောဘဲထားတာ အခုတော့ တဖြည်းဖြည်းသေချာလာပါပြီ”

ဟုပြောလိုက်ရာ ရွာသူရွာသားများ၏ စိတ်ဝင်စားမှုအရှိန်ပိုမိုပြင်ထန်လာ၏ ။ ထို့ကြောင့် တစ်ယောက် တစ်ပေါက် ဆူဆူညံညံဖြင့် ဝိုင်းဝန်းမေးမြန်းကြလေ၏ ။

ထိုအခါ သူကြီးမင်းသည်ပင်လျှင် ရွာလူမိုက်ဖိုးတေအား စိတ်ရှည်ခြင်းမရှိတော့ဘဲ

“ ဟေ့ကောင် မြန်မြန်ဖွင့်ပြောကွာ၊ အချိန်မရှိတော့ဘူး၊ အချိန်မှီသိရင် လုပ်သင့်တာကို လုပ်ရမယ်”

ဟု ပြောလေ၏။ ထိုအခါမှာပင် ဖိုးတောက တစ်ရွာလုံးဘက်သို့ လှည့်ကာ

"ကျုပ်တို့ရွာသူရွာသားတွေ တစ်ယောက်ပြီး တစ်ယောက် သေဆုံးပြီး ကပ်ဆိုးကြီးဖြစ်နေသော ဒေါ်အိုဇာ ဆိုတဲ့ အဘွားကြီးကြောင့်ဖြစ်မယ်"

ဟု ပြောလေရာ ရွာလူမိုက်ဖိုးတော၏ စကားကြောင့် တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။ သူတို့တစ်ရွာ လုံး ဒေါ်အိုဇာကို ကောင်းစွာသိကြ၏။

ဒေါ်အိုဇာသည် လွန်စွာရုပ်ဆိုးသော အဘွားကြီးတစ်ယောက်ဖြစ်၏။ ဒေါ်အိုဇာ၏ မျက်နှာတွင် ကြောက်မက် ဖွယ် ဒဏ်ရာဒဏ်ချက်ကြီးများ ရှိ၏။

ဒေါ်အိုဇာ၏ မျက်နှာသည် သရဲတစ္ဆေကဲ့သို့ ကြောက်မက်ဖွယ်ဖြစ်၏။ ဒေါ်အိုဇာသည် လွန်ခဲ့သော ၃နှစ်က မှ ရွာသို့ပြောင်းလာခြင်းဖြစ်၏။

ဒေါ်အိုဇာနှင့်အတူ မြေးအရွယ် ကလေးငယ်တစ်ဦးလည်းပါ၏။ ဒေါ်အိုဇာ ရွာသို့ရောက်ကာစက ရွာသူရွာ သားများသည် သူမ၏ ရုပ်ရည်ကိုကြည့်ကာ ရွာထဲ၌ နေထိုင်ခွင့်မပြုကြချေ။

ဒေါ်အိုဇာ ဤမျှရုပ်ဆိုးနေခြင်းမှာ သွေးရိုးသားရိုးမဟုတ်၊ ထူးဆန်းသော မိန်းမကြီးတစ်ယောက်သာ ဖြစ်ရမည်ဟု ထင်ကြေးပေးကြ၏။ ထို့ကြောင့်ပင် ဒေါ်အိုဇာကို တစ်ရွာလုံး ဝိုင်းပယ်ထားကြ၏။ ဒေါ်အိုဇာခမြာ မြေး ငယ်လေးနှင့် ရွာပြင်၌ တဲထိုး၍ နေထိုင်ရရှာ၏။

ဒေါ်အိုဇာသည် အသက်အရွယ်ကြီးကာမှ ရွာပြင်တွင် စိုက်ခင်းလေးတစ်ခုပြုလုပ်၍ စားသောက်ရရှာ၏။ ရွာသူရွာသားများသည် ဒေါ်အိုဇာနှင့် အပေါင်းအသင်းမလုပ်ကြချေ။

ဒေါ်အိုဇာ၏ မြေးကလေးမှာလည်း ဒေါ်အိုဇာနည်းတူ ရွာသူရွာသားများ၏ ဝိုင်းပယ်ခြင်းကို ခံကြရရှာ၏။ ရွာသူရွာသားများသည် ဒေါ်အိုဇာကို ရွံ့မုန်းကြသော်လည်း ဒေါ်အိုဇာနှင့် မြေးကလေး၏ နေထိုင်ပုံကို

တစ်စေ့ တစ်စောင်း အကဲခတ်ကြ၏ ။

ဒေါ်အိုဇာသည် သူမ၏ မြေးကလေးကို ကိုယ်တိုင်စာသင်ပေးသည်ဆို၏ ။ ဒေါ်အိုဇာ၏ မြေးကလေးမှာလည်း အလွန်အလုပ်ကြိုးစား၏ ။

အဘွားဖြစ်သူ၏ စိုက်ခင်းတွင် အားကြိုးမာန်တက် ကူညီလုပ်ကိုင်ပေး၏ ။ ဒေါ်အိုဇာကို ရွာထဲတွင် နေထိုင် ခွင့်မပြုသော်လည်း ဒေါ်အိုဇာသည် ရွာရှိ ကုန်စုံဆိုင်သို့ မကြာခဏ ဈေးလာဝယ်၏ ။

ထိုသို့ ဈေးလာဝယ်ရင်း တစ်နေ့တွင် ရွာထဲရှိ ကလေးတစ်ဦးဖျားနာပြီး ငိုယိုနေသည်ကို တွေ့၏ ။ ဒေါ်အိုဇာ သည် ငိုယိုနေသော ကလေးကို ကရုဏာသက်ဟန်ဖြင့် ကြည့်လိုက်ရင်း သူမ၏ ချွေးခံ့အိတ်ထဲမှ အလွန်သေးငယ် သော ပုလင်းကလေးကို ထုတ်၍ ပုလင်းထဲမှ အမှုန့်များကို ကလေး၏ ပါးစပ်ထဲသို့ ထိုးထည့်သွား၏ ။

ဒေါ်အိုဇာ၏ အပြုအမူကို မြင်တွေ့ရသော ကလေး၏ မိခင်သည် ကလေးကို ကမန်းကတန်း ခေါ်ယူရန် ကြိုး စား၏ ။

ဒေါ်အိုဇာ တိုက်ကျွေးသွားသော အနီရောင်အမှုန့်များကို အထိတ်တလန့် ထုတ်ပစ်ရန် ကြိုးစား၏ ။ သို့သော် ကလေးငယ်သည် ဒေါ်အိုဇာ၏ အနီရောင်အမှုန့်များကို မျိုချလိုက်ပြီဖြစ်၏ ။

ကလေးငယ်၏ မိခင်သည် ကလေးအတွက် အထိတ်တလန့် ကြည့်ရှုနေသော်လည်း ကလေးသည် ငိုယိုနေ ခြင်း ရပ်တန့်သွားပြီး အဖျားပျောက်သွားကြောင်းလည်း တွေ့ရ၏ ။

ထိုအချိန်မှစ၍ ဒေါ်အိုဇာသည် ကလေးများကို ချစ်တတ်ကြောင်း ပြုစားခြင်းမရှိကြောင်း ပြောဆိုကြ၏ ။ တစ်ခါကလည်း ဒေါ်အိုဇာသည် ဗိုက်နာ၍ ငိုယိုနေသော ကလေးငယ်၏ ဝမ်းဗိုက်အား အနက်ရောင်သစ်သားချောင်း နှင့် ပွတ်တိုက်လိုက်သောအခါ ကလေးငယ် ငိုယိုခြင်းမရှိတော့ကြောင်း တွေ့ရ၏ ။

ထို့ကြောင့် ဒေါ်အိုဇာ ကလေးချစ်တက်ကြောင်း ပိုမိုထင်ရှားလာ၏ ။

တစ်ခါကလည်း ရွာသားတစ်ဦးသည် ညမှောင်ရီသန်းစပြုသောအချိန်တွင် ရွာထဲသို့ ကမန်းကတန်း ပြေးဝင် လာပြီး အဒေါ်အိုဇာခြံထဲတွင် ခွေးနက်ကြီးတစ်ကောင်ကို တွေ့ရသည်ဆို၏ ။

ထိုရွာသား၏ ထင်မြင်ယူဆချက်အရ ခွေးနက်ကြီးသည် ဒေါ်အိုဇာ မွေးမြူထားသော အကောင်းဆိုးဝါးကြီး ဖြစ်သည်ဆို၏ ။ နောက်ပိုင်းတွင် ရွာသူရွာသားများသည် ဒေါ်အိုဇာ၏ ခြံထဲတွင် ကြောက်မက်ဖွယ်ကောင်းလှသော ခွေးနက်ကြီးကို တွေ့ရလေ၏ ။

ခွေးနက်ကြီးသည် တောနက်ထဲသို့ဝင်၍ ဒေါ်အိုဇာ စားသောက်ရန် သားကောင်လေးများကို ဖမ်းဆီးခဲ့ခြင်း ကို ရွာသူရွာသားများ မြင်တွေ့ရ၏ ။

ထိုအခါ ရွာသူရွာသားများသည် ခွေးနက်ကြီးကို မကောင်းဆိုးဝါးကြီးဟု ပိုမိုထင်မြင်ကြ၏ ။

ခွေးနက်ကြီးသည် ရွာထဲသို့ ဝင်လာလေ့မရှိချေ။ သို့သော် ခွေးနက်ကြီးသည် တောင်ကုန်းမြင့်ကြီးပေါ်သို့ တက်၍ ရွာထဲသို့ နီရဲသော မျက်လုံးများနှင့် ကြည့်ရှုနေတက်သည်ဆို၏ ။

တစ်ခါကလည်း ရွာထဲတွင် အမဲလိုက်ခြင်းအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုသော မုဆိုးစိန်ကြီးသည် တောထဲတွင် ခွေးနက်ကြီးကို တွေ့ရလေ၏ ။

ထိုအခါ မုဆိုးစိန်ကြီးသည် ခွေးနက်ကြီးကို ကြောက်ရွံ့၍ သူ၏ မြားဖြင့် ပစ်ခတ်လေ၏ ။ သို့သော် မုဆိုး စိန်ကြီး၏ မြားတံများသည် ခွေးနက်ကြီးကို ထိမှန်ခြင်းမရှိဟု ဆိုကြ၏ ။

ဤသို့ဖြင့် ဒေါ်အိုဇာ၏ အကြောင်းများကို ရွာသူရွာသားများသည်

တစ်ယောက်တစ်မျိုးစီ ယုံကြည်ယူဆကြ ၏။ ယခု ရွာလူမိုက်ဖိုးတေက တစ်ရွာလုံး ဒုက္ခဆင်းရဲတွေ့နေရသော ရောဂါကပ်ဆိုးကြီးသည် ဒေါ်အိုဇာကြောင့်ဟု ဆိုနေ၏။

ရွာလူမိုက်ဖိုးတေ၏ စကားကြောင့် ရွာသူရွာသားများသည် ဒေါ်အိုဇာကို ပိုမို၍ အထင်လွဲလာ၏။

ရွာလူမိုက်ဖိုးတေက သူ၏ စကားကြောင့်
ရွာသူရွာသားများတွေဝေသွားမှန်း ရိပ်စားမိသောအခါ

" လွန်ခဲ့တဲ့တစ်လလောက်တုန်းက ကျုပ်တောထဲကိုသွားရင်း လမ်းတစ်ဝက်မှာ ဒေါ်အိုဇာရဲ့ခွေးနက်ကြီး သေဆုံးနေတာကို တွေ့ရတယ်၊ ခွေးနင်ကြီးသေဆုံးတဲ့နေ့က ဝါဆိုလကွယ်နေ့ပဲ"

ဟုပြောလိုက်ရာ ရွာသူရွာသားများသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားလေ၏။ သူတို့ရွာသို့ ကပ်ရောဂါ စတင်ရောက်ရှိသောနေ့မှာ ဝါဆိုလကွယ်နေ့ဖြစ်၏။

ဝါဆိုလကွယ်နေ့ညတွင် ရွာရှိဒေါ်ဝက်ဆိုသော မိန်းမကြီး ကပ်ရောဂါဖြင့် စတင်သေဆုံးသွား၏။ ဒေါ်ဝက် သေဆုံးပြီး တစ်ရက်ခန့်တွင် ဦးဘဦးကြီး သေဆုံးခဲ့ရ၏။

ဦးဘဦးသေဆုံးပြီး နောက်တစ်နေ့တွင် ဒေါ်ဘုမ၏ မြေးကလေးမောင်စိန် သေဆုံးသွားပြန်ရာ ရွာသူရွာသား များသည် ကပ်ရောဂါကို စတင်ကြောက်ရွံ့လာခဲ့၏။

ထိုနေ့မှစ၍ ရွာသူရွာသားများ
တစ်ယောက်ပြီးတစ်ယောက်သေဆုံးခဲ့ရ၏။ ထိုသူများ၏ သေဆုံးမှုကြောင့် ရွာသူရွာသားများသည် ကပ်ရောဂါကို အလွန်ကြောက်ရွံ့လာကြ၏

ရွာထဲရှိ ငွေကြေးတက်နိုင်သော ဦးဖိုးတူမိသားစုက စတင်၍

ရွာကိုစွန့်ခွာပြေးကြ၏။ အချို့သော ရွာသား များမှာမူ ငွေကြေးအတော်အသင့် တက်နိုင်သော်လည်း မွေးရပ်ဇာတိမြေကို မစွန့်ခွာချင်ကြချေ။

ထို့ကြောင့် ရွာထဲတွင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကုတ်ကပ်ပြီး နေထိုင်ကြ၏။ သို့သော် ကပ်ရောဂါကမူ တစ်နေ့တစ်ယောက်နှုန်းဖြင့် ရွာသူရွာသားများကို သေမင်းနိုင်ငံသို့ ခေါ်ဆောင်သွားကြ၏။

ရွာသူရွာသားများသည် ဘုရားကို အားကိုးမာန်တက် ရှိခိုးကြသော်လည်း ကပ်ရောဂါကြောင့် သေဆုံးသူက ကျဆင်းမသွားချေ။ ထို့ကြောင့် ရွာသူရွာသားများ၏ ထိတ်လန့်မှုက အမြင့်မားဆုံးဖြစ်လာ၏။

ထိုအခိုက်မှာပင် ရွာလူမိုက်ဖိုးတေ၏ စွပ်စွဲချက် ပေါ်ထွက်လာခြင်းဖြစ်၏။ ဖိုးတေ၏ စွပ်စွဲချက်သည် သေမင်း နိုင်ငံသို့ မလိုက်ပါလိုသော ရွာသူရွာသားများအတွက် ရေနစ်သူအတွက် ကောက်ရိုးမျှင်တစ်စကို တွေ့ရှိသကဲ့သို့ ဖြစ်လာ၏။

ရွာသူရွာသားများသည် သေမင်းနိုင်ငံသို့ မလိုက်ပါလိုကြချေ။ ထို့ကြောင့် ဒေါ်အိုဇာကိုသည် တရားခံ အဖြစ် စွပ်စွဲပြီး ဝိုင်းဝန်း တိုက်ခိုက်လိုကြ၏။

ရွာသူရွာသားများ ငြိမ်သက်နေသဖြင့် ရွာလူမိုက်ဖိုးတေက

“ ဒေါ်အိုဇာကြီးဟာ သူ့ရဲ့မကောင်းဆိုးဝါး ခွေးနက်ကြီးသေဆုံးသွားတဲ့အတွက် ရွာသူရွာသားတွေကို ရန်ငြိုးဖွဲ့တာဖြစ်နိုင်တယ်၊ ဒေါ်အိုဇာကြီးရဲ့ ရန်ငြိုးကြောင့် ရွာသူရွာသားတွေ ကပ်ရောဂါကြီး ဆိုက်ရောက်တာ ဖြစ်ရ မယ်”

ဟု ပြောလိုက်ရာ ရွာသူရွာသားများသည် ဖိုးတေ၏ စကားကြောင့် လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။

၎င်းတို့သည် ယခင်က ဒေါ်အိုဇာကြီးကို မကျေနပ်သော်လည်း

တစ်ဦးတစ်ယောက်တည်း မဆန့်ကျင်ရဲကြ။ ယခု ရွာသူရွာသားများ စုဝေးပြီး အင်အားရှိလာသောအခါ ဒေါ်အိုဇာကြီးကို ဆန့်ကျင်ရဲလာကြ၏ ။

ဒေါ်အိုဇာကြီးအပေါ် မုန်းတီးစိတ်များ ပြင်းထန်လာ၏ ။ ဒေါ်အိုဇာကြီးကြောင့် မိမိတို့ဆွေမျိုးများ သေဆုံးရ သည်ဟု ယုံကြည်လာကြ၏ ။

ထိုအချိန်တွင် ဒေါ်အိုဇာကြီးကို မုန်းတီးနာကြည်းအောင် ရွာလူမိုက်ဖိုးတေက သွေးထိုးပေးလိုက်နိုင်၏ ။ ထို အခိုက်မှာပင် သမီးဖြစ်သူသေဆုံးသွားသဖြင့် ရတက်မီးပွေနေသော ပန်းပဲဆရာကြီး ဦးတုတ်က

“ ဒါဆိုရင် ဒီမိန်းမကြီးကို ကျုပ်တို့ ဒီအတိုင်းကြည့်နေကြမှာလား ကျုပ်တို့ မိသားစုတွေရဲ့ သွေးကြွေး အတွက် ဒီမိန်းမကြီးကို မောင်းထုတ်ရမယ်”

ဟု အော်ဟစ်လိုက်လေရာ ရွာထဲတွင် ဟိုနေရာစပ်စပ် သည်နေရာစပ်စပ် ပါတက်သော ဆေးဆရာ အဘိုး ကြီးက လက်သီးဆုပ်၍

“ ကျုပ်ရဲ့ဆေးစွမ်းတွေ မပြဘူးအောက်မေ့နေတာ လက်စသက်တော့ ဒီမိန်းမကြီးကြောင့်ကိုး၊ ကျုပ်ဟာ ဆေးဆရာလုပ်လာတာ အိုပြီးသေတော့မယ် ရွာမှာဒီလို ပိုးစိုးပက်စက်ဖြစ်တာ တစ်ခါမှ မကြုံဖူးဘူး၊ တောက်..... ကျုပ်ရဲ့ဆေးစွမ်းတွေ ပြန်ထက်မြက်အောင် ဒီမိန်းမကြီးကို မောင်းထုတ်ရမယ်”

ဟုအော်ဟစ်ကြုံးဝါးလေ၏ ။

အမှန်စင်စစ် ဆေးဆရာကြီးသည် ဦးကြီးတစ်ယောက်ထံမှ အမွေရရှိထားသော ဆေးကျမ်းတစ်အုပ်ကို အထင်ကြီးစွာဖြင့် ဖတ်ရှုပြီး ဆေးဆရာကြီးအမည်ခံနေရခြင်း ဖြစ်၏ ။

ဆေးဆရာကြီး၏ စကားအဆုံးတွင် ရွာထဲတွင် ကုန်စုံဆိုင်ဖွင့်ထားသော ဦးလူဝသည် လက်သီးဆုပ်၍

“ ငါ့မိန်းမသေဆုံးတဲ့အတွက် ဒီမိန်းမကြီးကို လက်စားချေရမယ်၊ သူ့ကို

အမှုန့်ချေပစ်မယ်”

ဟု အော်ဟစ်လေ၏။ အမှန်စင်စစ် ဦးလူဝသည် မယားကြီးရှိလျက်နှင့် တစ်ခုလပ် မိန်းမတစ်ယောက်နှင့် တိတ်တိတ် ပုန်းဖြစ်နေ၏။

ယခု တိတ်တိတ်ပုန်းမိန်းမနှင့် အတိအလင်း ယူရတော့မည်ဖြစ်သဖြင့် ဒီမိန်းမကြီးကိုပင် ကျေးဇူးတင်နေလေ ၏။

ထို့နောက်တွင်မူ ရွာသူရွာသားများသည် ဒီမိန်းမကြီးဒေါ်အိုဇာကို မကျေနပ်ကြောင်း တစ်ယောက်တစ် ပေါက် အော်ဟစ်ပြောဆိုကြလေ၏။

အချို့သောကာလများသည် အော်ဟစ်ပြောဆိုရုံမျှနှင့် အားမရဘဲ တုတ်များ၊ ဓားများကိုပင် ယူဆောင်နေပြီ ဖြစ်၏။ အချို့လည်း အိမ်သို့ ဝရန်းသုံးကာ ပြန်ပြေးပြီး ငှက်ကြီးတောင်ဓား၊ မှိန်းစသည့် လက်နက်များကို အပြေး အလွှားယူဆောင်နေကြ၏။

သူကြီးမင်းသည် ရွာသူရွာသားများ ဝရန်းသုံးကားဖြစ်နေပုံကို ကြည့်၍ ထိုသတင်းသည် မြို့ပေါ်သို့ ပေါက် ကြားပြီး သူ၏ သြဇာအာဏာကို ထိပါးစေကြောင်း ရိပ်စားမိလိုက်၏။

အင်္ဂလိပ်အစိုးရမင်းက မိမိရွာကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိသော သူကြီးဟု တံဆိပ်ကပ် ကာ သူကြီးအာဏာကို ပြန်လည်ရုပ်သိမ်းသွားနိုင်၏။

သူသည် သူကြီးမလုပ်ရလျှင် မနေနိုင်တော့ပြီ ဖြစ်သဖြင့် ထိုအဖြစ်မျိုးကို အရောက်မခံနိုင်ချေ။ ထို့ကြောင့် သူ၏ ကျယ်လောင်သော အသံကြီးဖြင့်

“ အားလုံးရပ်ကြစမ်း၊ ခင်ဗျားတို့အားလုံး ဘယ်လိုဖြစ်နေကြတာလဲ၊ ကိုယ့်စိတ်ကို ကိုယ်ထိန်းကြပါ၊ လက် နက်တွေကိုင်ဆောင်ပြီး သွေးထွက်သံယိုဖြစ်ရအောင် မင်းမဲ့တိုင်းပြည်မဟုတ်ဘူး၊ အင်္ဂလိပ်အစိုးရမင်းသိရင်

အား

လုံးဒုက္ခရောက်ကုန်မယ်၊ အာမှတ်သလဲ”

ဟု ကြိမ်းမောင်းလိုက်ရာ သွေးပူနေသော ရွာသူရွာသားများသည် အနည်းငယ် တုံ့ဆိုင်းဆိုင်းဖြစ်သွားကြလေ၏ ။

သို့သော် ၎င်းတို့၏ သွေးသားများ သေဆုံးနေရခြင်းကို ချက်ချင်းအမှတ်ရသွားကာ ဒေါသစိတ်ရိုင်းများ ပြန် လည်ဝင်ရောက်လာ၏ ။ ပန်းပဲဆရာကြီး ဦးတုတ်က လှံကြီးကို မြှောက်၍

“ ဒါဆိုရင် ကျုပ်တို့က ဒီမိန်းမကြီးလုပ်သမျှ ခေါင်းငုံ့ပြီး ခံနေရမှာလား၊ ဒါဆိုရင် ကျုပ်တို့တစ်ရွာလုံး သင်္ချိုင်း ရောက်သွားကြမယ်”

ဟု မကျေမနပ်ပြောဆိုလေ၏ ။ ရွာသားတစ်ယောက်က လေသံတီးတိုးဖြင့်

“ သူကြီးမင်းက သူ့မိသားစုမှာ ကပ်ရောဂါရတဲ့သူ မရှိသေးတော့ ပြောအားရှိတာပေါ့”

ဟု လူအုပ်ကြားထဲတွင် ပြောဆိုပြီး မြှောက်ထိုးပင့်ကော် လုပ်ပေးလေ၏ ။ ထိုအခါ သေဆုံးသွားသော ဒေါ်ဝက်ဆိုသော မိန်းမကြီး၏ သားက အရက်ပုလင်းကို ခါးမှထုတ်၍ မော့လိုက်ပြီး

“ ကျုပ်မိခင်ကြီးအတွက် ဒီမိန်းမကြီးကို ကလဲ့စားချေဖြစ်အောင်ချေရမယ်၊ သူကြီးမင်း ကိုယ်ချင်းမစာမနာ အပြောပါနဲ့”

ဟု အော်ဟစ်ပြောဆိုလေရာ သူကြီးမင်းသည် အရက်သမားကို ဒေါသပုန်ထသွားပြီး

“ ဟေ့ကောင် ထိတ်တုံးနဲ့ဖူးစာဆုံချင်သလား”

ဟု ကြိမ်းမောင်း၏ ။

ထိုအခါ သူကြီး၏ တပည့်ကျော်ငွေတိုးကလည်း သူကြီးကို ကပ်ဖားရပ်ဖားလုပ်လိုသဖြင့်

" ဟေ့ကောင်..... ထိပ်တုံးတင်မကဘူး၊ ကြိမ်ဒဏ်ပါခံရဦးမယ်၊ ငြိမ်ငြိမ်သက်သက်နေ"

ဟု အော်ဟစ်ပြောဆိုလေတော့၏။

ထိုအခါ ရွာသူရွာသားများသည် ဆူဆူညံညံဖြင့် အော်ဟစ်ကြကုန်၏။ သူကြီးက ရွာသူရွာသားများကို လက်ကာပြ၍

" အားလုံး ကျုပ်ပြောတဲ့စကားကို နားထောင်စမ်းပါ၊ ဒေါ်အိုဇာကို မင်းတို့လက်တုံ့ပြန်မယ်ဆိုရင် တစ်နေ့နေ့မှာ အင်္ဂလိပ်အစိုးရမင်းရဲ့နားကို ပေါက်သွားနိုင်တယ်၊ ဒါဆိုရင် ကျုပ်တို့အားလုံး ဒုက္ခရောက်သွားနိုင် တယ်၊ ဒါကြောင့် ဒီမိန်းမကြီးကို ကျုပ်တို့ရွာက ဝိုင်းပြီး မောင်းထုတ်ကြမယ်"

ဟု ပြောဆိုလိုက်လေရာ ရွာသူရွာသားများသည် တစ်ယောက်တစ်ပေါက်ပြောဆိုကြလေ၏။

အချို့ကလည်း သူကြီးမင်းကို မကျေမနပ် ပြောဆိုကန့်ကွက်ကြ၏။ အချို့ကလည်း သူကြီးမင်း၏ စကားကို နားထောင်လိုကြ၏။

နောက်ဆုံးတွင် ရွာသူရွာသားများသည် သူကြီးမင်းကို မလွန်ဆန်ဝံ့သဖြင့် ဒေါ်အိုဇာကို မောင်းထုတ်ပစ်ရန် သဘောတူကြ၏။ ထို့နောက် သကြီးမင်း ဦးဆောင်သော ရွာသူရွာသားများသည် ရွာစွန်ရှိ မိန်းမကြီး ဒေါ်အိုဇာ၏ တဲရှိရာသို့ ရောက်ရှိလာကြ၏။

ထိုအချိန်တွင် ဒေါ်အိုဇာတို့ မြေးအဖွားသည် ညနေစာ စားသောက်ရန် ပြင်ဆင်နေလေ၏။ ဒေါ်အိုဇာသည် မြေးလေး စားသောက်ရန် ကန်စွန်းရွက်များကို ကြော်လှော်နေလေ၏။

ဒေါ်အိုဇာ၏ မြေးကလေးသည် လူစုလူဝေးကြီးကို ကြည့်၍ နားမလည်ဟန်ဖြင့်

“ အဖွားရေ၊ ဟိုမှာ ရွာထဲကလူတွေ ကျုပ်တို့ဆီကို လာနေကြတယ်”

ဟု ပြောလေရာ ဒေါ်အိုဇာသည် ကန်စွန်းရွက်ကြော်နေရာမှ အနောက်သို့ လှည့်ကြည့်ရင်း မျက်မှောင်ကြုံ့လိုက် လေ၏။

ထိုအချိန်တွင် သူကြီးမင်းခေါင်းဆောင်သည် ရွာသူရွာသားများသည် တုတ်ဓားလက်နက်များ ကိုင်ဆောင်ပြီး ဒေါ်အိုဇာ၏ တဲရှေ့သို့ ရောက်လာကြ၏။

ဒေါ်အိုဇာသည် လူအုပ်ကြီးကို အထိတ်တလန့် ကြည့်ရှုနေစဉ် လူအုပ်ကြီးက

“ ဒေါ်အိုဇာ ခင်ဗျားကြီး ကျုပ်တို့ရွာက အခုထွက်သွား၊ ထွက်သွား”

ဟု အော်ဟစ်ကာ မောင်းထုတ်ကြလေ၏။

ထိုအခါ ဒေါ်အိုဇာက လူအုပ်ကြီးကို အလန့်တကြားကြည့်၍

“ ကျုပ်က ဘာလို့ထွက်သွားရမှာလဲ၊ ရှင်တို့ ဘာတွေပြောနေကြတာလဲ၊ အားလုံးမှားကုန်ပြီ”

ဟု အော်ဟစ်လေ၏။

သူကြီးက ဒေါ်အိုဇာကို လက်ညှိုးငေါက်ငေါက်ထိုး၍

“ ခင်ဗျားကြီးကြောင့် ကျုပ်တို့ရွာသားတွေ တစ်ယောက်ပြီးတစ်ယောက် သေကြေကြတယ်၊ ဒါကြောင့် ခင်ဗျားကြီးကို ကျုပ်တို့ရွာမှာ မထားနိုင်တော့ဘူး၊ အခုချက်ချင်း ထွက်သွားပေတော့”

ဟု အော်ဟစ်ပြီး မောင်းထုတ်လေ၏။ ရွာသူရွာသားများလည်း သူကြီးမင်းနည်းတူ ဝိုင်းဝန်းအော်ဟစ်ကြလေ၏။

ဒေါ်အိုဇာသည် သူမကို ဝိုင်းဝန်းစွပ်စွဲနေသူများကို ကြည့်၍ ခေါင်းခါယမ်း၍

“ ဟိုး…….. နေကြပါဦး၊ ရွာသားတွေသေရတာ ကျုပ်ကြောင့်မဟုတ်ဘူး၊ ရှင်တို့အထင်မှားနေပြီ၊ ရှင်တို့ ရွာထဲမှာ ကပ်ရောဂါ ဆိုက်နေတာ ကျုပ်နဲ့ဘာမှမဆိုင်ဘူး”

ဟု ပြောဆိုလေ၏ ။ ထိုအခါ ပန်းပဲဆရာကြီး ဦးတုတ်က မကျေမချမ်းဖြင့်

“ ခင်ဗျား ဘာမှမုသားပြောမနေနဲ့၊ ခင်ဗျားလုပ်လို့ ကျုပ်သမီးလေး သေရတယ်၊ ဒီအတွက် ခင်ဗျားကို ကျုပ် လုံးဝ မကျေနပ်ဘူး”

ဟု အော်ဟစ်ပြောဆိုလေ၏ ။ ပန်းပဲဆရာကြီးနည်းတူ အသက်ဆုံးရှုံးရသော ရွာသူရွာသားများ၏ ဆွေမျိုးများက ဝင် ရောက်ပြောဆိုကြ၏ ။ ဒေါ်အိုဇာကြီးက လက်ကာပြ၍

“ ကျုပ် မကောင်းဆိုးဝါး မဟုတ်ဘူး၊ ကျုပ်ကို မတရားမစွပ်စွဲကြနဲ့၊ ရွာထဲမှာ ကပ်ရောဂါဖြစ်ဆိုတာ ကျုပ်နဲ့ မဆိုင်ဘူး”

ဟု ငြင်းဆိုလေ၏ ။ ဒေါ်အိုဇာ၏ မြေးကလေးကလည်း ဒေါ်အိုဇာ၏ ခန္ဓာကိုယ်ကို ပွေ့ဖက်၍ လူအုပ်ကြီးကို ကြည့်ကာ

“ ကျုပ်အဖွားဟာ ခင်ဗျားတို့ပြောသလို မဟုတ်ဘူး၊ ခင်ဗျားတို့ မတရား မစွပ်စွဲကြပါနဲ့၊ အဖွားဟာ ဘုရား တရား ရိုသေတဲ့ သူတော်ကောင်းအစစ်ပါ”

ဟု ဝင်ရောက်တောင်းပန်လေ၏ ။ သို့သော် ဒေါသမာန်ကြီးမားနေသော လူအုပ်ကြီးကို တောင်းပန်၍ မရနိုင်တော့ ချေ။ လူအုပ်ထဲမှ တစ်ဦးတစ်ယောက်က ဒေါ်အိုဇာ၏ အိမ်သို့ ကျောက်ခဲဖြင့် စတင်ပစ်ပေါက်လေ၏ ။

ထိုအခါ ၎င်း၏ နည်းတူ ကျန်သော ရွာသူရွာသားအချို့လည်း

ဒေါ်အိုဇာ၏ အိမ်သို့ ခဲများဖြင့် ပစ်ပေါက် လေ၏။

သူကြီးမင်းသည် ရွာသူရွာသားများဘက်သို့ လှည့်၍ တားဆီးရန် ကြိုးပမ်းလေ၏။ သို့သော် သွေးဆူနေ သော ရွာသားများကို တားဆီးရန် မလွယ်ကူတော့ချေ။

ဒေါ်အိုဇာနှင့် မြေးကလေးသည် ကျောက်ခဲများမှ လွတ်မြောက်ရာ နေရာသို့ အပြေးအလွှား ပုန်းကွယ်ကြ ရ၏။ ရွာသားများသည် ကျောက်ခဲများနှင့် ပစ်ပေါက်ရုံမက ဒေါ်အိုဇာ၏ တဲအိမ်ကလေးကို ဖျက်ဆီးရန် ကြိုးပမ်းလေ ၏။

ရွာသားများ၏ ဖျက်ဆီးမှုကြောင့် ဒေါ်အိုဇာ၏ ဖိုခနောင့်ဆိုင်မီးဖိုမှ မီးသည် တဲအိမ်ကလေးသို့ ကူးလေ၏။

ရွာသားများ၏ ပစ်ခတ်မှု၊ အော်ဟစ်ကြိုးဝါးမှု၊ မီးလောင်ကျွမ်းမှုများကြောင့် ဒေါ်အိုဇာတို့ မြေးအဖွားနှစ်ဦး သည် တဲအိမ်ထဲတွင် ပုန်းကွယ်မနေနိုင်တော့ဘဲ အိမ်အနောက်ဘက် စိုက်ခင်းကို ဖြတ်သန်း၍ ပြေးလွှားရလေ၏။

ထိုအခါ ရွာသားများက

“ ဟိုမိန်းမကြီး ပြေးပြီဟေ့၊ လိုက်ဟ ချဟ”

ဟု ကြွေးကြော်ကာ တုတ်များ၊ ခဲများဖြင့် ပစ်ပေါက်ကြလေ၏။

အဖွားအိုနှင့် မြေးငယ်လေးသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြေးလွှားခဲ့ရလေ၏။ ရွာသူရွာသားများသည် ဒေါ်အိုဇာနှင့် မြေးကလေးကို ရွာပြင်ရောက်သည်အထိ တုတ်များ ခဲများဖြင့် လိုက်လံပစ်ပေါက်ကြလေ၏။

ဒေါ်အိုဇာသည် မြေးကလေးကို လက်ဆွဲ၍ ရွာသူရွာသားများနှင့် ဝေးရာသို့ ပြေးခဲ့လေ၏။ ရွာနှင့် ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ဒေါ်အိုဇာတို့ မြေးအဖွားသည် သစ်ပင်ကြီးတစ်ပင် အောက်တွင် နားခိုကြ၏။

ထိုသစ်ပင်ကြီး၌ ရေချမ်းစဉ်လည်းရှိသဖြင့် ဒေါ်အိုဇာသည် ရေချမ်းစဉ်မှ ရေတစ်ခွက်ကို ခပ်သောက်လိုက် ၏ ။ သူ၏ မြေးကလေးကိုလည်း ရေတစ်ခွက်တိုက်လေ၏ ။ ပြီးနောက် ရေသောက်နေသော မြေးငယ်ကို ကြည့်၍

" လူကလေးမောင်ကြီး ဒဏ်ရာ ရသေးသလား"

ဟု စိုးရိမ်တကြီး မေးမြန်းလိုက်လေ၏ ။ မောင်ကြီးက ခေါင်းခါ၍

" မရဘူးအဖွား ဒါပေမဲ့ ကျုပ်ရဲ့ခြေထောက်မှာ နာနေတယ်"

ဟု ပြောလေရာ အဖွားအိုက စိုးရိမ်ဟန်ဖြင့် မောင်ကြီး၏ ခြေထောက်ကို ကြည့်ရာ ခြေသလုံး၌ ကျောက်ခဲထိမှန် ထားသဖြင့် ယောင်ကိုင်းနေလေ၏ ။

မောင်ကြီးက အဖွားအိုကို တစ်ဖန်ကြည့်၍ မျက်လုံးပြူးသွားပြီး

" ဟင်........ အဖွားခေါင်းမှာ သွေးတွေပါလား၊ အဖွားကို ကျောက်ခဲမှန်သွားတယ်ထင်တယ်"

ဟု ပြောလေရာ အဖွားအိုက မောင်ကြီးစိုးရိမ်မှာ စိုးသဖြင့်

" နည်းနည်းပါးပါး ထိသွားတာပါ လူကလေးရယ်"

ဟု ပြောလေ၏ ။ အမှန်စင်စစ် အဖွားအို၏ ဦးခေါင်းနှင့် ကိုယ်ခန္ဓာတွင် ကျောက်ခဲများစွာ ထိမှန်ထားသဖြင့် တစ်ကိုယ် လုံး မခံမရပ်နိုင်အောင် နာကျင်နေ၏ ။

ဦးခေါင်းမှ သွေးစက်များကလည်း မြေပြင်သို့ တတောက်တောက် စီးကျနေ၏ ။ မောင်ကြီးက ဒေါ်အိုဇာ၏ ဒဏ်ရာကိုကြည့်ရှု၍ မကျေမချမ်း တက်ခေါက်ကာ

" တောက်....... ဒီလူကြီးတွေ အဖွားကို မတရားစွပ်စွဲပြီး တိုက်ခိုက်ကြတယ်၊ သူတို့ကို ကျုပ် ပြန်ပြီးလက်စား ချေမယ်"

ဟု ကြုံးဝါးလေ၏ ။ ထိုအခါ ဒေါ်အိုဇာက ခေါင်းခါယမ်း၍

" လက်စားချေစရာမလိုပါဘူး ငါ့မြေးရယ်၊ သူတို့ တစ်နေ့ဝဋ်လည်မှာပါ၊ သူတစ်ပါးကို မတရားနှိပ်စက်တက် တဲ့လူတွေဟာ တစ်နေ့နေ့မှာ ဝဋ်ပြန်လည်တက်တယ်"

ဟု ပြောလေ၏ ။ ထိုနောက်တွင်မူ မြေးအဖွားနှစ်ယောက်သည် ထိုနေရာမှ ထွက်ခွာခဲ့ကြရာ ညမှောင်ရီသန်းစပြု သောအချိန်တွင် ရွာတစ်ရွာ၏ မလှမ်းမကမ်းတွင်ရှိသော ဇရပ်ပျက်ကြီးသို့ ရောက်လေ၏ ။

ထိုအချိန်တွင် ဒေါ်အိုဇာမှာ ဒဏ်ရာဒဏ်ချက်များကြောင့် မလှုပ်ရှားနိုင်တော့ဘဲ ဇရပ်ပျက်ကြီး၌ နားခိုရန် ကြံ ရလေ၏ ။ ဇရပ်ပေါ်သို့ ရောက်သောအခါ ဒေါ်အိုဇာမှာ ဦးခေါင်းမှ ဒဏ်ရာကြောင့် ခေါင်းထဲတွင် မူးမိုက်နေလေ၏ ။

ဒေါ်အိုဇာ၏ ဒဏ်ရာမှာ သွေးထွက်လွန်ပြီး အားအင်မရှိတော့သလို ခံစားရ၏ ။ ဒေါ်အိုဇာသည် ကံဆိုးလှ သော သူမ၏ ဘဝကို တွေးတောရင်း

" အင်း….. ငါ့ဘဝဟာ နေဝင်ချိန်ရောက်နေပြီပဲ၊ ငါ့သေသွားလည်း ဘာမှမထူးပါဘူး၊ အပြစ်မဲ့တဲ့ ငါ့မြေးကလေးကတော့ လူ့ဘဝကြီးမှာ တစ်ကိုယ်တည်း လျှောက်လှမ်းရတော့မယ်၊ ကံဆိုးရှာတဲ့ မြေးကလေးရယ်"

ဟု ရေရွတ်နေလေ၏ ။ မောင်ကြီးသည် ညစာပင်မစားရသေးဘဲ ရွာသူရွာသားများလက်မှ ပြေးလွှားလာရသဖြင့် ရင်ထဲတွင် အလွန်ဆာလောင်နေလေ၏ ။

အဖွားဖြစ်သူ၏ ဒဏ်ရာဒဏ်ချက်များကို ကြည့်၍ စိုးရိမ်စိတ်များဖြစ်ပေါ်လာ၏ ။ ဒေါ်အိုဇာသည် ခေါင်းထဲ တွင် မူးဝေနေသည့်ကြားမှမောင်ကြီး၏ လက်ကို ဆုပ်ကိုင်၍

“ မြေးလေးဟာ လူ့လောကကြီးထဲမှာ အများကြီးကျင်လည်ရဦးမယ်၊ ဒါကြောင့် အဖွားမသေမီ လူကလေး ကို အရေးကြီးတဲ့ စကားတစ်ခွန်းမှာခဲ့ချင်တယ်”

ဟု ပြောလေရာ မောင်ကြီးသည် အဖွား၏ မျက်နှာကို အံ့သြစွာ ကြည့်၍

“ ဟင်...... အဖွားလာလို့သေရမှာလဲ”

ဟု မေးမြန်းလေ၏ ။ ဒေါ်အိုဇာက မောင်ကြီးကို အဖြေမပေးဘဲ

“ လူကလေး၊ အဖွားမှာတာကို သေသေချာချာနားထောင်စမ်း”

ဟု ပြောလိုက်ရာ မောင်ကြီးက ခေါင်းညိတ်၍

“ ပြောပါ အဖွား၊ ကျူပ်နားထောင်နေပါတယ်”

ဟုပြောလေ၏ ။ ထိုအခါ ဒေါ်အိုဇာက

“ လောကမှာနေထိုင်ရင် အင်အားကြီးမားတဲ့လူတစ်ယောက်ဖြစ်အောင်ကြိုးစားပါ၊ အင်အားနည်းပါးတဲ့ လူတွေကို လူအများက နှိပ်စက်ညှဉ်းပန်းကြတယ်၊ နိုင်လိုမင်းထက်ပြုကျင့်ကြတယ်၊ ဒါကြောင့် အင်အားကြီးမား အောင် ကြိုးစားပါလူကလေး၊ လောကမှာရှိတဲ့လူတွေဟာ အင်အားနည်းပါးတဲ့လူကို အင်အားကြီးမားတဲ့လူတွေက အမြဲဝါးမျိုလေ့ရှိတယ်၊ ဒီနေ့ည အဖွားတို့ မတရားခံခဲ့ရတဲ့ ဖြစ်ရပ်ကို ပြန်ကြည့်ရင် အင်အားနည်းပါးလို့ဆိုတာ ပေါ်လွင်လာတယ်”

ဟု ပြောလေရာ မောင်ကြီးသည် ဒေါ်အိုဇာ၏ စကားကို လေးနက်စွာ နားထောင်၍ ခေါင်းညိတ်လိုက်ပြီး

“ ဟုတ်တယ်နော်အဖွား၊ ဒီနေ့ည ကျူပ်တို့ မတရားနှိပ်စက်ညှဉ်းပန်းခံရတာ ၊ အင်းအားနည်းလို့ဗျ၊ ကျူပ် ကြီးလာရင် အင်အားကြီးမားအောင် လုပ်ရမယ်”

ဟု ပြောလေ၏ ။ ဒေါ်အိုဇာသည် မောင်ကြီး၏ စကားကြောင့်

သဘောကျဟန်ဖြင့် အားယူပြီး ပြုံးလိုက်ပြီး

“ လူကလေးက နားလည်လွယ်သားပဲ၊ ဒါဆိုရင်တော့ အဖွားစိတ်ချရပြီး ထားခဲ့လို့ရပြီ၊ လူကလေးကို အဖွား နောက်ဆုံးမှာခဲ့ချင်တာကတော့ အမြဲတမ်းအင်အားကြီးမားအောင်ကြိုးစားပါ၊ လောကမှာ အင်အားနည်းသူူတွေရဲ့ နောက်ဆုံးရလာဒ်ဟာ ရှုံးနိမ့်ခြင်းဆိုတာ လူကလေးနားလည်ထားပါ”

ဟု ပြောကာ သူမ၏ ဒဏ်ရာများက နာကျင်ပြီး ခေါင်းထဲတွင်မူးဝေလာသဖြင့် စကားပြောနိုင်ခြင်းမရှိတော့ချေ။

မောင်ကြီးသည် ဒေါ်အိုဇာကို စကားတတွတ်တွတ်ပြောဆိုနေသော်လည်း ဒေါ်အိုဇာသည် စကားတုံ့ပြန်နိုင် ခြင်းမရှိတော့ချေ။

မောင်ကြီးသည် ဒေါ်အိုဇာကို စကားတတွတ်တွတ်ပြောဆိုနေသော်လည်း ဒေါ်အိုဇာသည် စကားမတုံ့ပြန် ဘဲ ရှိနေလေ၏ ။

ဒေါ်အိုဇာသည် ဒဏ်ရာများ ပြင်းထန်လွန်းသဖြင့် မောင်ကြီးကို စကားမဆိုနိုင်ခြင်းဖြစ်၏ ။ မောင်ကြီးသည် အတန်ကြာအောင် စကားပြောဆိုပြီး ဒေါ်အိုဇာက စကားပြန်မပြောသဖြင့် အဖွားဖြစ်သူကို လှုပ်ခတ်၍ မေးမြန်းလေ ၏ ။

သို့သော် ဒေါ်အိုဇာက မောင်ကြီးအား စကားမပြန်နိုင်တော့ဘဲ လူ့လောကကြီးထဲမှ အပြီးအပိုင် ထွက်ခွာ သွားလေ၏ ။ မောင်ကြီးသည် ဒေါ်အိုဇာကို အကြိမ်ကြိမ်လှုပ်ခတ်၍ နှိုးလေ၏ ။

ဒေါ်အိုဇာ စကားပြန်မပြောသောအခါ

“ အဖွား……. အဖွား….. ကျုပ်ကို စကားပြန်ပြောလေဗျာ၊ အဖွားဘယ်လိုဖြစ်တာလဲ၊ အဖွားသေပြီလား၊ အဖွားသေပြီလား၊

ကျုပ်ကိုပြောပါအုံးဗျ”

ဟု အော်ဟစ်ရင်း ဒေါ်အိုဇာ၏ တုံ့ပြန်သံကို မကြားရသဖြင့် သေဆုံးပြီဟု ယူဆကာ ရှိုက်ကြီးတငင် ငိုကြွေးလေ တော့၏။

မောင်ကြီးသည် အဖွားအ၏ အလောင်းကို ပွေ့ဖက်၍ ငိုယိုနေစဉ် အနီးသို့ လူကြီးတစ်ယောက်ရောက်လာပြီး သူ၏ ခေါင်းကို ပုတ်ကာဖြစ်ကြောင်းကုန်စင်ကို မေးမြန်းလေ၏။

မောင်ကြီးက ညက ငရဲကျခဲ့သော အကြောင်းကို ပြန်ပြောင်ပြောဆိုလေ၏။ လူကြီးသည် အစမှအဆုံးတိုင် နားထောင်ပြီး သက်ပြင်းချ၍

“ လူတွေက အသိဉာဏ်နည်းပါးကြတယ်၊ သူတို့ ဘာကြောင့်ရှေးဟောင်းအယူအဆတွေကို ဖက်တွယ်ပြီး အယူသည်းနေတာလဲ”

ဟု ရေရွတ်ပြီး အနီးမှ ထွက်သွားလေ၏။ ထိုလူကြီးသည် ခဏကြာလျှင် လှည်းတစ်စီးဖြင့် ပြန်လည်ရောက်ရှိလာ၏။ ထို့နောက် အဖွားအို၏ အလောင်းကို ဖျာဖြင့်ပက်၍ လှည်းပေါ်သို့ တင်လေ၏။ လူကြီးက ငိုကြွေးနေသော မောင် ကြီးကို လှည်းပေါ်သို့ တက်စေ၏။

မောင်ကြီး လှည်းပေါ်သို့ရောက်သောအခါ လူကြီးသည်လှည်းကို စတင်တွန်းလေ၏။ လူကြီး၏ လှည်းသည် သချိုင်းတစ်ခုသို့ ရောက်သောအခါ ရပ်တန့်လေ၏။ သချိုင်းတစ်နေရာတွင် မြေကျင်းတစ်ကျင်းတူးလေ၏။

ထို့နောက် အဖွားအို၏ အလောင်းကို မြေကျင်းထဲသို့ ချ၍ မြှုပ်နှံပေးလေ၏။ မောင်ကြီးသည် အဖွားအို၏ အလောင်းကို နောက်ဆုံးအနေနှင့် ကြည့်ရှုပြီး အံကိုကြိတ်၍

“ အဖွားရေ အဖွားမှာတဲ့အတိုင်း ကျုပ် အင်အားကြီးအောင်လုပ်မယ်”

ဟု ကြုံးဝါးလိုက်လေ၏။

ထိုအခါ လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

“ အင်အားကြီးအောင်လုပ်မယ် ဟုတ်လား၊ ကောင်းတယ်ဟေ့၊ အင်အားကြီးမှ အင်အားနည်းတဲ့လူတွေ အပေါ် ဩဇာညောင်းမယ်၊ ကြိုးစားဟေ့”

ဟု အားပေးလေ၏။ မောင်ကြီးသည် အဖွား၏ အလောင်း မြေကျသွားသောအခါ လူကြီးကို ကြည့်၍

“ ကျုပ် အဖွားအလောင်းကို မြေကျအောင်လုပ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သုဘရာဇာဦးလေးကို လောလောဆယ် ကျုပ်ပိုက်ဆံမပေးနိုင်ဘူး”

ဟု ပြောလေရာ လူကြီးက တဟားဟားရယ်မော၍

“ ဟား....ဟား....ဟား... မင်းက ငါ့ကို သုဘရာဇာများ အောက်မေ့လို့လား၊ ငါက သုဘရာဇာမဟုတ်ဘူးကွ၊ မြန်မာပြည်အရပ်ရပ်က ဘုရားတွေမှာ လှည့်လည်ပြီး ငါ့မိတ်ဆွေ သူတော်တစ်ယောက်ကို ရှာဖွေနေတာကွ၊ ဒီလို ရှာဖွေရင်း မနက်က ဇရပ်ပျက်ကြီးကို ရောက်ပြီး မင်းရဲ့အခက်အခဲတွေကို သိရတယ်၊ ဒါကြောင့် ငါကူညီပေးတာကွ”

ဟု ပြောလေရာ မောင်ကြီးသည် သုဘရာဇာဟု ထင်မှတ်ရသော လူကြီးက သုဘရာဇာမဟုတ်သဖြင့် အံ့ဩသွား လေ၏။

ထို့ကြောင့် လူကြီးကို အံ့ဩဟန်ဖြင့် ကြည့်၍

“ ဦးလေးက သုဘရာဇာ မဟုတ်ဘဲ ဘာဖြစ်လို့ ကျုပ်အဖွားကို မြေမြှုပ်ပေးရတာ လဲ”

ဟု မေးမြန်းလေ၏။ လူကြီးက မောင်ကြီးကို ကြည့်၍

“ ဒါဟာ အံ့ဩစရာမရှိပါဘူးကွာ၊ လောကထဲမှာနေတဲ့ လူတစ်ယောက်ရဲ့

လုပ်သင့်လုပ်ထိုက်တဲ့ ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်လိုက်တာပါ၊ ဇရပ်ပေါ်မှာ လူမမယ်ကလေးငယ်တစ်ဦးနဲ့ အဖွားအိုတစ်ဦးရဲ့အလောင်း ကိုတွေ့ပြီး ကူညီစောင့်ကြပ်မပေးဘဲ ငါဘယ်လိုအင်အားနဲ့ ထွက်ခွာသွားရမှာလဲ”

ဟု ပြောလေရာ မောင်ကြီးသည် သူ၏ အဖွားကို အေးချမ်းအောင် ပြုလုပ်ပေးသည့်အတွက် လူကြီးကို လွန်စွာ ကျေးဇူးတင်၏။ ထို့ကြောင့် လူကြီး၏ ကျေးဇူကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြန်ဆပ်မည်ဟု ဆုံးဖြတ်ကာ

“ ဦးလေးနာမည် ဘယ်သူလဲ၊ ဦးလေးဘယ်နားမှာနေသလဲ၊ ကျုပ်ကိုပြောပါ”

ဟု မေးမြန်းလိုက်လေ၏။ လူကြီးက မောင်ကြီး၏ မေးခွန်းကြောင့်ခေါင်းညိတ်၍

“ ငါ့နာမည် ကျောက်တုံးလို့ခေါ်တယ်၊ နေရပ်လိပ်စာကတော့ အတိအကျမရှိဘူး၊ ခြေဦးတည့်ရာသွားလာ နေတာပဲ”

ဟု ပြောလေ၏။ မောင်ကြီးသည် လူကြီး၏ ဆန်းပြားသော နာမည်ကြောင့် မျက်မှောင်ကြုံ့၍

“ ဦးလေးနာမည်က အထူးအဆန်းပါလား၊ ကျောက်တုံးတဲ့၊ ဦးလေးမှာ နေရပ်လိပ်စာ အတိအကျမရှိရင်လဲ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျုပ်နဲ့ပြန်တွေ့ရင် အဖွားကို ကူညီခဲ့ဖူးတဲ့ကျေးဇူးကို ပြန်ဆပ်မယ်”

ဟု ပြောလေရာ လူကြီးက မောင်ကြီးကို သဘောကျဟန်ဖြင့် ကြည့်၍

“ ဟား.... ဟား.... ဟား.... ကြိုက်သွားပြီ၊ ဒါဟာ မာနကြီးတဲ့ သဘောကွ၊ သူတစ်ပါးရဲ့အကူအညီကို မလို ချင်ဘူး၊ တစ်နေ့နေ့မှာ ကျေးဇူးပြန်ဆပ်ဖို့ ဆုံးဖြတ်ထားတယ်၊ ဒီလိုလူမျိုးဟာ တိုးတက်တတ်တယ်ကွ၊ ကောင်းတဲ့ နေရာမှာ တိုးတက်ပါစေလို့ ငါဆုတောင်းပါတယ်ကွာ၊ သွားမယ်ဟေ့”

ဟု ပြောကာ ဇရပ်ထဲမှ ပြန်လည်ထွက်ခွာသွားလေ၏ ။

*

# အခန်း(၁)

မောင်ကြီးသည် လူ့လောကကြီးတွင် တစ်ဦးတည်း ရင်ဆိုင်ရတော့မည်ဟု တွေးကာ စိတ်အားငယ်မှုများ ဖြစ်ပေါ်လာ၏ ။

ယမန်နေ့ညက ရှာသူရှာသားများ ဝိုင်းဝန်းစော်ကားပြီး ရက်ရက်စက်စက် ပြုလုပ်ခဲ့ပုံများကို ပြန်လည်မြင် ယောင်လာ၏ ။ သူ၏ အဖွားသည် ရုပ်ရည်ဆိုးဝါးသည်ကလွဲ၍ မည်သည့်အပြစ်မျှ မရှိသူဖြစ်၏ ။

အဖွားသည် ဘာသာတရားကို အလွန်အလေးအမြတ်ထား၏ ။ အဖွားသည် အချိန်အားတိုင်း ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်း စသည့် ကုသိုလ်ကောင်းမှု အလုပ်များကို လုပ်ကိုင်တက်၏ ။

လွန်ခဲ့သော တစ်လခန့်က အဖွားမွေးထားသော ခွေးနက်ကြီးသေဆုံးစဉ်က အဖွားသည် သတ္တဝါကြီးကို သနားကရုဏာစိတ်ဖြစ်ကာ သတ္တဝါကြီးအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့၏ ။ အမျှအတန်းဝေခဲ့၏ ။

ခွေးနက်ကြီးသည် မည်သည့်အရပ်က ရောက်လာမှန်းမသိဘဲ အဖွားထံတွင် သောင်တင်နေ၏ ။ ထိုခွေးကြီး သည် သခင်ကို အလွန်သိတက်ပြီး သူတို့မြေးအဖွားအတွက် သားကောင်များကို တောထဲမှ မကြာခဏ ရှာဖွေဖမ်းဆီးလာတက်၏ ။

ယခုတော့ ခွေးနက်ကြီးနှင့် အဖွားသည် မိမိကို လူ့လောကကြီးတွင် တစ်ယောက်တည်း ထားရစ်ခဲ့လေပြီ။

မောင်ကြီးသည် အဖွားအကြောင်းကို ပြန်လည်စဉ်းစားရင်း ကြမ်းကြုတ်ရက်စက်သော ရှာသူရှာသားများ၏ အမူအရာများကို ပြန်လည်မြင်ယောင်လာ၏ ။

ရှာသူရှာသားများသည် သူတို့မြေအဖွားအား အပြစ်မရှိကြောင်း အကြိမ်ကြိမ်တောင်းပန်ပါလျှက် ရက်စက် စွာ နှိပ်စက်ညှဉ်းပန်းခဲ့၏ ။ အဖွားသည် အသက်အရွယ်အိုမင်းကာမှ ပင်ပန်းကြီးစွာ ဝေဒနာခံစားသွားရ၏ ။

ထိုသူများ တစ်နေ့တွင် ဝဋ်ဒုက္ခခံစားရမည်ဟု အဖွားကပြောဆိုသွားခဲ့၏ ။ မည်သို့ပင်ဖြစ်စေ ထိုသူများ၏ အနှိပ်စက်ခံရခြင်းမှာ အင်အားနည်းပါးခြင်းကြောင့် ဖြစ်၏ ။

ထို့ကြောင့် အဖွားစကားကို နားထောင်၍ အင်အားကြီးမားသူတစ်ဦးဖြစ်အောင် ကြိုးပမ်းရပေမည်။ မောင်ကြီးသည် ညက ကြောက်မက်ဖွယ် အကြောင်းများကို တွေးတောပြီး ဝမ်းနည်းပူဆွေးနေရာမှ ဗိုက်ထဲတွင် ဆာလောင်လာလေ၏ ။

သူသည် နေမွန်းတည့်ချိန်သို့ ရောက်ရှိနေသော်လည်း မည်သည့်အစားအစာမျှ မစားရသေးချေ။

သူ၏ အိတ်ထဲတွင်လည်း ပိုက်ဆံတစ်ပြားတစ်ချပ်မျှ မရှိချေ။ မောင်ကြီးသည် အစားအစာရှာဖွေရန် ဇရပ်မှ ထွက်ခွာရန် ပြင်လေ၏ ။

ထိုအခိုက်မှာပင် ဇရပ်လှေကားလက်ရမ်းတွင် ချိတ်ဆွဲထားသော ကောက်ညှင်းထုပ်များကို တွေ့ရလေ၏ ။ ကောက်ညှင်းထုပ်များ၏ အောက်ခြေတွင် ရေပုလင်းတစ်လုံးကိုလည်း တွေ့ရ၏ ။

ရေပုလင်း၏ အောက်တွင် စာတစ်စောင်ကို တွေ့ရလေ၏ ။ မောင်ကြီးက စာကိုဖတ်ရှုကြည့်သောအခါ

“ ကောင်လေး မင်းဗိုက်ဆာနေမယ်ထင်လို့ ကောက်ညှင်းထုပ်နဲ့ ရေပုလင်းနဲ့ ထားခဲ့တယ်၊ မင်းဟာ မာန ကြီးတဲ့ ကောင်လေးဆိုတော့ လက်မခံမှာစိုးလို့ အခုလိုထားခဲ့တာပါ၊ အစားအသောက်တွေကို စားပြီးရင် ဒီဇရပ်က မင်းအမြန်ဆုံးထွက်ပေတော့၊ မင်းအတွက် အန္တရာယ်ရှိလို့ သတိပေးတာကွ ”

ဟု ရေးသားထားလေ၏။ မောင်ကြီးသည် သူ့အတွက် အန္တရာယ်ရှိသည်ဟု လူကြီးကဆိုသဖြင့် ကောက်ညှင်းထုပ် များကို အမြန်စားပြီး အဝေးမှ လူအုပ်စုကြီးကို တွေ့ရသဖြင့် ပုန်းကွယ်ရန် နေရာရှာဖွေရလေ၏။

ထိုသူများသည် မိမိအတွက် ရန်သူများပင်ဖြစ်လေသလော။ မောင်ကြီးသည် ဇရပ်၏ ဆွေးမြေ့နေသော တိုင်ကြီးကို တွယ်ကပ်တက်၍ ထုပ်တန်းပေါ်သို့ ပုန်းကွယ်လေ၏။

ခဏကြာလျှင် ဇရပ်ထဲသို့ လူများရောက်ရှိလာပြီး ဇရပ်ပတ်ဝန်းကျင်ကို ကြည့်ရှုကာ လူတစ်ဦးက

“ ဒေါ်အိုဇာတို့မြေးအဖွား၊ ဒီဇရပ်မှာ တည်းခိုသွားပုံရတယ်၊ ငါတို့ ရှေ့ဆက်လိုက်ရင် သူတို့ကို ခြေရာခံမိ မှာ သေချာတယ်၊ အချိန်ရှိတုန်း လိုက်ကြမယ်ဟေ့”

ဟု ပြောကာ ဇရပ်ပေါ်မှ ဝရန်းသုံးကား ဆင်းသွားလေ၏။ မောင်ကြီးသည် မိမိတို့မြေးအဖွားကို လိုက်လံရှာဖွေနေ သော လူများကို ကြည့်၍ လွန်စွာကြောက်ရွံ့သွား၏။

ထိုသူများသည် အဖွားသေဆုံးခြင်းကို သိရှိပုံမရချေ။ မောင်ကြီးသည် ညက ရင်ဆိုင်ခဲ့ရသော ကြောက်မက် ဖွယ်အဖြစ်ဆိုးကြီးကို ပြန်လည်မြင်ယောင်ရင်း ထိုနေရာမှ အမြန်ဆုံး ထွက်ခွာရန် ပြင်လေ၏။

မောင်ကြီးသည် ထိုအရပ်တွင် မနေဝံ့တော့ဘဲ ဝေးရာသို့ ပြေးရန် ဆုံးဖြတ်လိုက်၏။ သူသည် အဝေးပြေး လမ်းမရှိရာသို့ ပြေးခဲ့လေ၏။ အတန်ကြာအောင် သွားလာပြီး အဝေးပြေးလမ်းမသို့ ရောက်လျှင်ကားတစ်စီးကို တားဆီး၍ လမ်းကြုံလိုက်ရန် ပြင်လေ၏။

ထိုကား၏ စပယ်ယာက မောင်ကြီးကို ကြည့်၍

“ ဟော့ကောင်လေး၊ ကားခဘယ်လောက်ပေးမှာလဲ”

ဟု မေးမြန်းလေ၏။ မောင်ကြီးသည် စပယ်ယာတောင်းသော ကားခကို မပေးနိုင်၍ သက်ပြင်းချလိုက်ပြီး

“ ကျုပ်မှာ ကားခပေးစရာမရှိဘူး၊ ကားခအတွက် ကျုပ်ကို ခိုင်းချင်ရာခိုင်းပေတော့”

ဟု ပြောလေရာ စပယ်ယာက မျက်မှောင်ကြုတ်၍

“ မင်းလို အကောင်ပေါက်စလေးကို ငါ ဘယ်လိုခိုင်းရမလဲ”

ဟု ရေရွတ်လိုက်လေ၏။ ထိုအခါ ဒရိုင်ဘာက တစ်စုံတစ်ရာကို စဉ်းစားမိသဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

“ ဟော့ကောင် သန့်ဇင်၊ ဒီကောင်လေးကို ကားပေါ်ကို တင်လာခဲ့ဟေ့၊ သူ့ကိုခိုင်းစရာရှိတယ်”

ဟု ပြောကာ မောင်ကြီးကို ကားပေါ်သို့ ခေါ်ဆောင်လာခဲ့လေ၏။

ဤသို့ဖြင့် မောင်ကြီးသည် လောရီကားကြီးဖြင့် လမ်းကြုံလိုက်ခွင့်ရေလေ၏။ အတန်ကြာသောအခါ လော်ရီ ကားဒရိုင်ဘာသည် ကားကိုရပ်လေ၏။ ထို့နောက် လမ်းနံဘေး သစ်ပင်ကြီးအောက်တွင် ဖျာကိုခင်း၍ မောင်ကြီးကို ခေါ်ဆောင်၏။

မောင်ကြီးအနီးသို့ရောက်သောအခါ ဒရိုင်ဘာက သူ၏ ကိုယ်ခန္ဓာအား နှိပ်နယ်ခိုင်းလေ၏။ မောင်ကြီးသည် ဒရိုင်ဘာတောင်းသောကားခကို နားလည်သွားပြီး သူစိတ်ကျေနပ်အောင် နှိပ်နယ်ပေးရလေ၏။

ဒရိုင်ဘာသည် ကြာမြင့်စွာ အနှိပ်ခံပြီးနောက် စပယ်ယာက တစ်ဖန် အနှိပ်ခံပြန်၏။

ဤသို့ဖြင့် ဒရိုင်ဘာနှင့် စပယ်ယာသည် ကြာမြင့်စွာ အနှိပ်ခံပြီး

ဖိမ်ယူနေလေ၏။ ၎င်းတို့သည် ကားခမပေး နိုင်သော လူငယ်လေးတစ်ဦးကို စာနာသနားစိတ်မရှိပဲ အနိုင်အထက်ပြုကျင့်ကြခြင်း ဖြစ်၏။

မောင်ကြီးသည် သူ၏ လက်များ နာကျင်လာသည်အထိ ဒရိုင်ဘာနှင့် စပယ်ယာကို တစ်လှည့်စီ နှိပ်နယ်ပေး ရ၏။ ၎င်းတို့သည် အညောင်းအညာပြေရုံမကဘဲ တစ်လှည့်စီ ဖိမ်ယူနေသောအဖြစ်သို့ ရောက်ရှိနေလေ၏။

မောင်ကြီးသည် ဒရိုင်ဘာနှင့်စပယ်ယာ၏ မတရားခိုင်းစေမှုများကို ကြုံတွေ့ရသောအခါ အဘွားမှာကြားခဲ့ သော စကားများကို ပြန်သတိရလေ၏။

ထို့ကြောင့် လောကတွင် အင်အားကြီးမားအောင် ကြိုးပမ်းရမည်ဆိုသော ဆုံးဖြတ်ချက်မှာ ပိုမို၍ ခိုင်မာ သွားလေ၏။ ဒရိုင်ဘာနှင့် စပယ်ယာသည် မောင်ကြီး၏ နှိပ်နယ်ခြင်းကို နာရီပေါင်းများစွာ ခံယူပြီး ညနေစောင်းသော အခါမှာပင် ကားကိုထွက်ခွာလေတော့၏။

မောင်ကြီးသည် လော်ရီကားကြီးနှင့် ရွာနှင့်ဝေးရာသို့ ထွက်ခွာလာခဲ့လေ၏။ သူသည် ဒရိုင်ဘာနှင့် စပယ် ယာကို နှိပ်နယ်ရလွန်းသဖြင့် ပင်ပန်းနွမ်းနယ်ပြီး အနောက်ဘက်ရှိ ကုန်ပစ္စည်းများအကြားတွင် အိပ်ပျော်သွား လေ၏။

သူသည် ညဥ့်သန်းခေါင်သို့ရောက်သောအခါ ကိုယ်ခန္ဓာတစ်ခုလုံး နာကျင်နေသဖြင့် အိပ်ရာမှ လန့်နိုး လေ၏။ ဒရိုင်ဘာနှင့် စပယ်ယာ၏ ခိုင်းစေသမျှကို အရွယ်နှင့်မမျှအောင် ပြုလုပ်ပေးရသဖြင့် နာကျင်ကိုက်ခဲပြီး အိပ်ရာမှ လန့်နိုးကာ ဆက်လက်၍ မအိပ်စက်နိုင်တော့ချေ။

မောင်ကြီးသည် ဒရိုင်ဘာနှင့်စပယ်၏ မတရားခိုင်းစေမှုကိုလည်း အင်အားနည်းပါးသောကြောင့် သူတစ်ပါး ၏ နိုင်ထက်စီးနင်းပြုကျင့်မှုကိုခံရသည်ဟု ယူဆလေ၏။

ထို့ကြောင့် အဘွားအလိုကျ အင်အားကြီးမားအောင် ပြုလုပ်ရမည်ဟူသော ဆုံးဖြတ်ချက်သည် ပိုမိုခိုင်မာ လာ၏။ မောင်ကြီးသည် မြို့တစ်မြို့သို့ရောက်သောအခါ ကားပေါ်မှ ဆင်းခဲ့လေ၏။

သူ၏ အိတ်ထဲတွင် ပိုက်ဆံတစ်ပြားတစ်ချပ်မျှမရှိသဖြင့် စားရေးသောက်ရေးအတွက် အခက်အခဲနှင့် ကြုံတွေ့ရလေ၏။

မောင်ကြီးသည် သူ၏ စားဝတ်နေရေးပြဿနာကို ဖြေရှင်းရန်အတွက် အလုပ်တစ်ခု ရှာထွေရမည်ဟု ဆုံးဖြတ်လေ၏။ ထို့ကြောင့် အလုပ်ရရန် မြို့ထဲတွင် လှည့်လည်ကြည့်ရှုလေ၏။

သူသည် မြို့ထဲရှိ ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လိုက်လံတောင်းလေ၏။ သို့သော် မည်သည့်ဆိုင်ကမှ သူ့ကို အလုပ်မပေးဘဲရှိလေ၏။

သူသည်ဘဝတွင် ပထမဦးဆုံး အလုပ်ရှာရခြင်းဖြစ်၍ အလုပ်တစ်နေရာရဖို့ အလွန်ခက်ပါလားဟု တွေးမိ လေ၏။

မြို့တစ်နေရာသို့ရောက်သောအခါ လော်ရီကားကြီးတစ်စီးရပ်ထားပြီး ကားပေါ်မှ ပဲအိတ်များကို ဒြာထဲသို့ သွင်းနေကြောင်း တွေ့ရ၏။

သူသည် ပဲအိတ်များကို ဝင်ထမ်းရန်ဆုံးဖြတ်လိုက်ပြီး လောရီကားပေါ်သို့တက်၍ ပဲအိတ်တစ်အိတ်ကို ထမ်းရန် ကြိုးစား၏။ သို့သော်ပဲအိတ်မှာ လေးလံလွန်းသဖြင့် မထမ်းနိုင်ဘဲဖြစ်နေစဉ် အလုပ်သမားခေါင်း ကုလားက

" ဟေ့ကောင်လေး၊ မထမ်းနိုင်ဘဲ ဝင်မရှုပ်နဲ့"

ဟု ကားပေါ်မှ မောင်းချလေ၏။ မောင်ကြီးသည် စိတ်ပျက်လက်ပျက်ဖြင့် လော်ရီကားပေါ်မှ ဆင်းခဲ့လေ၏။

ထို့နောက် မြို့တစ်နေရာသို့ရောက်သောအခါ အဘွားကြီးတစ်ယောက်၏ ဘိန်းမုန့်ဆိုင်သည် ယိုင်နဲ့နေ သဖြင့် အဘွားကြီးတစ်ကိုယ်တည်း မနိုင်မနင်း ပြုပြင်နေကြောင်းတွေ့ရ၏။

ထို့ကြောင့် အဘွားကြီး၏ ဆိုင်ကို ဝင်၍ ပြင်ဆင်ပေးလေ၏။ ထိုအခါ အဘွားကြီးက မောင်ကြီးကို ကျေးဇူး တင်ကြောင်းပြောကာ ဘိန်းမုန့်တစ်ပြားကျွေးလေ၏။

မောင်ကြီးသည် ဘိန်းမုန့်စားရသဖြင့် ဗိုက်ထဲရှိ ဆာလောင်မှုများ အနည်းငယ်ပျောက်သွားလေ၏။ အဘွား ကြီးသည် မောင်ကြီးအား ဘိန်းမုန့်သာကျွေးနိုင်ပြီး အလုပ်တစ်ခုမပေးနိုင်သဖြင့် ထိုနေရာမှ ထွက်ခဲ့ပြန်၏။

မောင်ကြီးသည် မြို့တစ်နေရာရှိ လူသူကင်းရှင်းသော သစ်သားခုံလေးတွင် အမောအပန်းဖြေလေ၏။ အတန်ကြာအောင် အမောအပန်းဖြေနေစဉ် သူနှင့်ရွယ်တူ လူငယ်သုံးယောက်သည် မောင်ကြီးထံသို့ ဦးတည်ပြီး လျှောက်လှမ်းလာကြ၏။

ထိုသူငယ်များ၏ ရုပ်ရည်မှာ ကြမ်းတမ်းပြီး ရိုင်းပျသော အမူအရာမျိုးရှိလေ၏။ လူငယ်များသည် မောင်ကြီး နေထိုင်ရာသို့ ရောက်လာပြီး လူငယ်တစ်ဦးက

“ ဟေ့ကောင် မင်းဘယ်ကလာတာလဲ”

ဟု မေးမြန်းလေ၏။ မောင်ကြီးက လူငယ်များကို ပြန်ကြည့်၍

“ ဖိုးခေါင်ရွာကနေလာတာ၊ မင်းတို့ဘာလုပ်မလို့လဲ”

ဟု ပြန်လည်မေးမြန်း၏။ လူငယ်များအနက် ရိုင်းပြဟန်ရှိသော တစ်ယောက်က

“ ဟေ့ကောင် ငါတို့ဘာလုပ်မလဲဆိုတာ မင်းမေးစရာမလိုဖူး၊

မင်းရဲ့လွယ်အိတ်ကို ဒို့ကိုပေးစမ်း”

ဟု အနိုင်ကျင့်လိုဟန်ဖြင့် ပြောလေ၏။

မောင်ကြီးသည် မိမိအား ရွယ်တူလူငယ်များ အနိုင်ကျင့်မှန်းသိ၍ ခေါင်းခါယမ်းပြီး

“ ဘာဖြစ်လို့ လွယ်အိတ်ပေးရမှာလဲ”

ဟု ပြောလေ၏။

ထိုအခါ လူငယ်တစ်ဦးက စိတ်မရှည်နိုင်တော့ဘဲ မောင်ကြီး၏ မျက်နှာကို လက်သီးဖြင့် ခွပ်ခနဲ ထိုးလေ၏။

မောင်ကြီးသည် မခုခံနိုင်ဘဲ နှုတ်ခမ်းမှ သွေးများစီးကျလာစဉ် လူငယ်နှစ်ဦးက မောင်ကြီး၏ လွယ်အိတ်ကို ဆောင့်ဆွဲလိုက်လေ၏။

ထို့နောက် လွယ်အိတ်ကို ယူကြည့်ရာ ငွေကြေးတစ်စုံတစ်ရာမရှိဘဲ ဟောင်းနွမ်းနေသော အဝတ်တစ်စုံကို သာ တွေ့ရ၍ လူငယ်တစ်ဦးက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး

“ ဒီကောင် ငမွဲဘဲ၊ ဘာမှမရှိဘူး၊ ဖွတ်ကျားကောင် အဖေခေါ်ရလောက်တယ်”

ဟု ချီးကျူးထောမနာပြုကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။ မောင်ကြီးသည် နှုတ်ခမ်းမှ သွေးများကို လက်ဖြင့် သုတ်ရင်းကျန်ရစ်ခဲ့လေ၏။

ထိုလူငယ်များသည် မြို့ပေါ်တွင် ကူလီထမ်းသော လူငယ်များဖြစ်ပြီး အခါအခွင့်သင့်လျှင် လူငယ်အချင်းချင်း နိုင်ထက်စီးနင်း ပြုကျင့်သူများဖြစ်ကြ၏။

မောင်ကြီးသည် ပွဲဦးထွက် ရွယ်တူလူငယ်များ၏ ထိုးကြိတ်ခြင်းကို ခံလိုက်ရသဖြင့် အံကိုကြိတ်ကာ

“ အဘွားရေ ကျုပ်ဟာ အင်အားကြီးမားတဲ့လူမဟုတ်တဲ့အတွက် သူတစ်ပါးရဲ့စော်ကားတာကို ခံလိုက်ရ ပြန်ပြီ၊ အဘွားစကား သိပ်မှန်တယ်၊ ကျုပ် အင်အားကြီးအောင်ကို လုပ်မယ်”

ဟု ကြုံးဝါးလိုက်လေ၏။ မောင်ကြီးသည် ထိုညက ဘိန်းမုန့်တစ်ပြားကိုသာစားပြီး စေတီငယ်လေး၌ ညအိပ်လိုက်ရ လေ၏။

သူသည် နောက်တစ်နေ့တွင် မြို့ထဲသို့ ထွက်၍ အလုပ်ရှာပြန်၏။ သို့သော် မည်သည့်အလုပ်ကိုမျှ လွယ် လွယ်ကူကူ မရရှိဘဲ ရှိနေလေ၏။

သူသည် မြို့တစ်နေရာသို့ရောက်လျှင် ဖိနပ်များပြုလုပ်သော အိမ်တစ်အိမ်ကို တွေ့ရ၏။ ထိုအိမ်ထဲတွင် ဖိနပ်လုပ်သော အလုပ်သမားများနှင့် စည်စည်ကားကားဖြစ်နေကြောင်း တွေ့ရ၏။

အလုပ်သမား အများစုမှာ လူငယ်များဖြစ်၍ အလုပ်ရရန် အလို့ငှာ ဖိနပ်လုပ်သော အိမ်ထဲသို့ဝင်၍ အလုပ် တောင်းလေ၏။ ထိုအခါ ဖိနပ်လုပ်ငန်းရှင် မိန်းမကြီးက မောင်ကြီးကို မျက်မှောင်ကြုတ်ကြည့်၍

“ သာရေစိမ်းတွေကို ဆူးနဲ့အပ်ချုပ်စရာ အပေါက်ဖောက်ပေးတဲ့ အလုပ်တော့ရှိတယ်၊ ဒါပေမဲ့ တစ်နေ့ကို တစ်မူးပဲရမယ်”

ဟု ပြောလေ၏။ တစ်မူးမျှသော အသပြာသည် ထမင်းတစ်နပ်ကိုသာ စားနိုင်၍ မောင်ကြီးသည် ငိုင်တွေသွားလေ၏။ တစ်နေ့လျှင် ထမင်းတနပ်သာစားရလျှင် ဗိုက်ဆာပြီး အခက်ကြုံနိုင်၏။ မောင်ကြီး စဉ်းစားနေစဉ် ဆိုင်ရှင်မိန်းမကြီး က

“ ဘယ်လိုလဲ လုပ်မှာလား၊ မြန်မြန်ပြော အချိန်မရှိဘူး၊ ကောင်လေး”

ဟု ပြောလေရာ မောင်ကြီးသည် ဖိနပ်ချုပ်လုပ်ငန်းပိုင်ရှင် မိန်းမကြီးကို ကြည့်၍ ခေါင်းညိတ်ပြလိုက်လေ၏။ ထိုအခါ မိန်းမကြီးက မောင်ကြီးအား

ဖိနပ်လုပ်သောနေရာသို့ခေါ်သွားလေ၏။

တစ်နေရာသို့ ရောက်သောအခါ သူမက

" ဟောဒီက ဖိနပ်ပုံလှီးထားတဲ့ သားရေစိမ်းတွေကို အပ်ချုပ်စရာ အပေါက်ကလေးတွေ ဖောက်ရမယ်၊ ဖောက်နည်းကို နင့်ကိုသင်ပေးလိမ့်မယ်၊ သေသေချာချာကြည့် မမှားစေနဲ့"

ဟု လေသံမာမာဖြင့် မှာကြားလေ၏။ မောင်ကြီးအား ဖိနပ်ချုပ်သော မိန်းကလေးများက သားရေစိမ်းများအား အပေါက်ဖောက်ရန် သင်ကြားပေးလေ၏။

မောင်ကြီးသည် မိန်းကလေးများ၏ သင်ကြားမှုကို ကြိုးစားပြီး မှတ်ယူလေ၏။ ထို့နောက် ဖိနပ်ပုံလှီးထား သော သားရေစိမ်းအား အပေါက်ဖောက်ကြည့်လေရာ မိန်းကလေးများက မှန်ကန်ကြောင်းပြောလေ၏။

ဤသို့ဖြင့် မောင်ကြီးသည် သားရေစိမ်းများကို အပေါက်ဖောက်ရလေ၏ ။ သူသည် တောသားဖြစ်သဖြင့် အလုပ်ကြမ်းကို ကောင်းစွာလုပ်နိုင်သောကြောင့် ဖိနပ်များကို ကောင်းစွာပြုလုပ်နိုင်၏။

သို့သော် ညနေစောင်းသောအခါ သူ၏ လက်များ နာကျင်နေလေ၏။ ဗိုက်ထဲတွင်လည်း အလွန်ဆာလောင် နေလေ၏။ ဖိနပ်လုပ်ငန်းရှင် မိန်းမကြီးသည် ညနေအလုပ်သိမ်းချိန်၌ မောင်ကြီးအား ပိုက်ဆံတစ်မူးပေးလေ၏။

မောင်ကြီးသည် ဗိုက်ဆာလွန်းသဖြင့် မြို့လယ်ရှိ အဝစားတစ်မူး ထမင်းဆိုင်ကြီးတွင် အားပါးတရ စားသောက်လေ၏။ မောင်ကြီး၏ အစားကြီးပုံကိုကြည့်၍ ဆိုင်ရှင်မိန်းမပျိုများသည် မျက်စောင်းထိုးကြ၏။

မောင်ကြီးသည် ညစာစားပြီးသောအခါ စေတီငယ်လေး၌ သွားရောက်အိပ်စက်လေ၏။ မောင်ကြီးသည် နောက်တစ်နေ့နံနက်သို့ ရောက်လျှင် ဗိုက်ထဲတွင် ဆာလောနေလေ၏။

သို့သော သူ၏ လက်ထဲတွင် ပိုက်ဆံတစ်ပြား တစ်ချပ်မျှ မရှိချေ။ ထို့ကြောင့်ဆာလောင်ခြင်းကို ချုပ်တီး၍ ဖိနပ်လုပ်သော အိမ်သို့ သွားရလေ၏ ။

သူသည် တစ်နေကုန် ဖိနပ်များကို ချုပ်လေ၏ ။ ထိုသို့ ဖိနပ်ချုပ်ရင်း ဗိုက်ထဲတွင် ဆာလောင်လွန်းသဖြင့် တကြုတ်ကြုတ်မြည်နေလေ၏ ။

နေ့လယ်သို့ရောက်သောအခါ မိမိနှင့်အတူ ဖိနပ်ချုပ်သော မိန်းကလေးတစ်ဦးက မောင်ကြီးအား ငှက်ပျော သီးတစ်လုံး ကျွေးလေ၏ ။ မောင်ကြီးသည် ဗိုက်ဆာလွန်းသဖြင့် ဟန်မဆောင်နိုင်ဘဲ ငှက်ပျောသီးကို စားလိုက်လေ ၏ ။

မောင်ကြီးသည် ညနေစောင်းသောအခါ ပိုက်ဆံတစ်မူးကို ကိုင်၍ ထမင်းမစားဘဲနေရန် ဆုံးဖြတ်လိုက်၏ ။ ယနေ့ရရှိသော ပိုက်ဆံတစ်မူးကို နောက်တစ်နေ့နံနက်တွင် စားသောက်မည်ဟု ကြံရွယ်လိုက်၏ ။

အဘယ်ကြောင့်ဆိုသော် တစ်နေကုန် ဖိနပ်လုပ်ရင်း ဆာလောင်မွတ်သိပ်နေသောကြောင့်ဖြစ်၏ ။ မောင်ကြီး သည် ထိုနေ့ညက ရေချမ်းစင်ရှိ ရေများကိုသာ အဝသောက်ပြီး အိပ်စက်လိုက်လေ၏ ။

သူသည် ထိုနေ့ညက အိပ်စက်မပျော်ချေ။ သူ၏ အဘွားမှာကြားသကဲ့သို့ လူ့လောကတွင် အင်အားကြီးဖို့ ဝေးစွ၊ ထမင်းတနပ်ကိုပင် အနိုင်နိုင်စားသောက်နေရ၏ ။

မောင်ကြီးသည် နောက်တစ်နေ့နံနက်တွင် ထမင်းဆိုင်တွင် ထမင်းအဝစားပြီးမှ အလုပ်ကို လုပ်ကိုင်လေ၏ ။ ထို့ကြောင့် လုပ်ငန်းခွင်တွင် ဆာလောင်မွတ်သိမ့်မှုမဖြစ်ဘဲ အလုပ်ကို လုပ်ကိုင်နိုင်၏ ။

သူသည် ညသို့ရောကသောအခါ ညစာမစားဘဲ နေလေတော့၏ ။ မောင်ကြီသည် နောက်တစ်နေ့ နံနက် အလုပ်သွားသောအခါ လမ်း၌ ပိုက်ဆံအိတ်တစ်အိတ်ကို ကောက်ရလေ၏ ။

မောင်ကြီးသည် အခက်အခဲနှင့်ကြုံတွေ့ရစဉ် ပိုက်ဆံအိတ်ကို ကောက်ရသဖြင့် သစ်ပင်ရိပ်အောက်သို့ သွား၍ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လေ၏ ။

ထိုအခါ ပိုက်ဆံအိတ်ထဲတွင် ပိုက်ဆံငါးကျပ်နှင့် အမျိုးသမီး တစ်ဦးထံသို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးသားထားသော မေတ္တာစာတစ်စောင်၊ လိပ်ခွံဘီးတစ်လက်ကို တွေ့ရလေ၏ ။

ပိုက်ဆံအိတ်၏ ပိုင်ရှင်သည် မိန်းမပျိုများကို နောက်ပိုးရှူးလုပ်တက်သူတစ်ဦးဟု ထင်မြင်ယူဆ၏ ။ ထိုအခိုက် မှာပင် ဘိုကေကို ပြောင်နေအောင် ဖီးထားပြီး မျက်နှာတွင် စနိုးများလိမ်းကျံထားသော လူတစ်ဦးကို မြေပြင်သို့ လိုကလံကြည့်ရှုပြီး တစ်စုံတစ်ခုကို ရှာဖွေနပုံရ၏ ။

ထိုသူသည် အလွန်ဟန်ကြီးပန်ကြီးနိုင်ပြီး ပိုက်ဆံအိတ်၏ ပိုင်ရှင်ဖြစ်ပုံရ၏ ။ မောင်ကြီးသည် ပိုက်ဆံအိတ်ထဲ မှ ငွေငါးကျပ်ကို ကြည့်၍ ထိုသူကို ပြန်ပေးနိုး၊ မပေးနိုး စဉ်းစားနေလေ၏ ။

သူသည် ပိုက်ဆံတစ်ပြားတစ်ချပ်မျှ မရှိသဖြင့် နေ့စဉ်ထမင်းငတ်ခဲ့ရ၏ ။ ထို့ကြောင့် ပိုက်ဆံအိတ်ကို ပြန်မ ပေးရန် ဆုံးဖြတ်လိုက်လေ၏ ။

ထိုအခိုက်မှာပင် ဟန်ကြီးပန်ကြီးနိုင်သောသူသည် မောင်ကြီးအနီးသို့ရောက်လာပြီးလျှင်

“ ဟေ့ကောင်လေး၊ ဒီနားမှာ ပိုက်ဆံအိတ်တစ်အိတ်ကျသွားတယ်၊ တွေ့မိလား၊ ပိုက်ဆံက အရေးမကြီးပါ ဘူး၊ အိတ်ထဲမှာ မေတ္တာစာက အရေးကြီးတယ်”

ဟု ပြောလေရာ မောင်ကြီးသည် ဟန်ကြီးပန်ကြီးနိုင်သော လူ၏ စကားကြောင့် တစ်စုံတစ်ရာကို စိတ်ကူးပေါက်သွား ပြီး

“ ဒါဆိုရင် အကို့ရဲ့ မေတ္တာကို ကျုပ်ပြန်ပေးမယ် အိတ်ထဲက ငွေ

ငါးကျပ်ကို ကျပ်ကိုပေးမှာလား”

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဟန်ကြီးပန်ကြီးနိုင်သော လူသည် အိတ်ကို မောင်ကြီးကောက်ရကြောင်း ရိပ်စား မိလိုက်၏။

ထို့ကြောင့် သက်ပြင်းချ၍

“ သြော်.... ငါ့ရဲ့အိတ်ကို မင်းကောက်ရသွားတာကိုး၊ ဒါဆိုရင်ခဲ ငွေငါးကျပ်ကို ယူပြီး မေတ္တာစာကိုတော့ ပြန်ပေးပေတော့၊ ဒီစာက ငါ့ချစ်သူအပျိုကြီးမစိမ်းလဲ့ကို ပေးမဲ့စာကွ”

ဟုပြောလေ၏။ မောင်ကြီးသည် ပိုက်ဆံအိတ်နှင့် မေတ္တာစာကို ပြန်ပေးလိုက်ပြီး ငွေငါးကျပ်ကို ယူထားလိုက်လေ၏။

သူသည် ငွေငါးကျပ်ကို မမျှော်လင့်လဲ ရရှိလိုက်သဖြင့် အလွန်ပျော်ရွှင်သွားလေ၏။ ဖိနပ်လုပ်သော အိမ်သို့ ရောက်သောအခါ ပိုင်ရှင်မိန်းမကြီးသည် မောင်ကြီးကို ခါးထောက်ကြည့်၍

“ ဟဲ့ကောင်လေး၊ နင်ဒီနေ့ အလုပ်ဆင်းစရာမလိုတော့ဘူး”

ဟု ပြောလေ၏။ မောင်ကြီးသ်ည မိန်းမကြီး၏ စကားကြောင့် အံ့သြသွားပြီး

“ ဘာဖြစ်လို့ အလုပ်မဆင်းရတာ လဲ”

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမကြီးက မကျေမနပ်ဖြင့်

“ နင် မနေ့က ဖိနပ်တွေမှာ အပေါက်ဖောက်တာ အားလုံးတလွဲတွေချည်းပဲ၊ နင့်လိုကောင်မျိုးကိုသာ ဆက်ပြီးလုပ်ခိုင်းရင် ငါမွဲရုံပဲရှိတော့မယ်၊ ဒါကြောင့် ဒီနေ့ကစပြီး နင့်အတွက် ငါ့ဖိနပ်ရုံမှာ အလုပ်မရှိတော့ဘူး”

ဟု ပြောဆိုကာ အလုပ်မှ ထုတ်ပစ်လိုက်လေ၏။ မောင်ကြီးသည်

အလုပ်ပြုပ်သွားသဖြင့် ဖိနပ်ရုံမှ စိတ်ပျက်လက် ပျက် ထွက်ခဲ့လေ၏ ။

သူသည် ယမန်နေ့မနက်တွင် ကံကောင်းထောက်မစွာဖြင့် ငွေငါးကျပ် ရရှိခဲ့သဖြင့် တော်ပါသေး၏ ။ ငွေ ငါးကျပ်ကိုသာ မရခဲ့လျှင် ယနေ့ထမင်းငတ်နိုင်ကြောင်းတွေးလိုက်မိ၏ ။

သူသည် အင်အားကြီးအောင် ပြုလုပ်နိုင်ဖို့ဝေးစွ၊ ထမင်းစားရန်ပင် အခက်အခဲရှိနေလေ၏ ။ ထို့နောက် အလုပ်သစ်မရှာဖွေမီ ထမင်းဆိုင်တွင် ဦးစွာစားသောက်ရလေ၏ ။

သူသည် ထမင်းစားသောက်ပြီးနောက် အရိပ်ကောင်းေသော သစ်ပင်ကြီးအောက်မှာ ထိုင်၍ အိတ်ထဲရှိ ပိုက်ဆံများကို ရေတွက်နေလေ၏ ။

ထိုအခိုက်မှာပင် သူ၏ အိတ်ထဲရှိ ပိုက်ဆံများးကို အလုခံလိုက်ရသဖြင့် အထိတ်တလန့်ကြည့်ရှုလိုက်ရာ တစ်ခါက သူ၏ လွယ်အိတ်ကို လုယူသော လူရွယ်သုံးယောက်ဖြစ်ကြောင်း တွေ့ရလေ၏ ။

လူငယ်တစ်ဦးသည် ငွေစက္ကူများကို ကြည့်၍ တဟားဟား ရယ်မောလိုက်ပြီး

“ ဟား...... ဟား....ဟား.... ဖွတ်ကောင်က ဘယ်ဆိုးလို့လဲ၊ လက်ထဲမှာ ပိုက်ဆံတွေကိုင်လို့ပါလား”

ဟု ပြောလေ၏ ။ မောင်ကြီးသည် အလုပ်မရှိသည့် အခိုက်တွင် သူ၏ စားဝတ်နေရေးကို ဖြေရှင်းရန် ငွေစက္ကူများက အရေးပါလှသဖြင့် လူရွယ်များလက်မှ ငွေစက္ကူများကို လိုက်လံလုယူလေ၏ ။

လူငယ်များသည် မောင်ကြီး၏ အပြုအမူကိုကြည့်၍ လှောင်ပြောင်ရယ်မောကာ ပိုက်ဆံများကို တစ်ဦးလက် မှ တစ်ဦးသို့ ကမ်းပေးနေလေ၏ ။

မောင်ကြီးသည် လူငယ်များလက်မှ ပိုက်ဆံများကို လိုက်လံလုယူရင်း မောပန်းနွမ်းနယ်လာလေ၏။ ထိုအခိုက်မှာပင် ၎င်းတို့၏ အနောက်မှ ပုလိပ်တစ်ဦးရောက်ရှိလာပြီး လူငယ်များကို တားဆီးလေ၏။

လူငယ်များသည် ပုလိပ်ကို ထိတ်လန့်သွားပြီး မောင်ကြီး၏ ပိုက်ဆံကို ပြန်လည်ပေးအပ်ကြလေ၏။ ပုလိပ် က လူငယ်များကို ကြည့်၍ မျက်မှောင်ကြုတ်၍

" မင်းတို့ကို အေးအေးချမ်းချမ်းနေပါလို့ ငါဘယ်နှစ်ခါပြောရမလဲ၊ နောက်တစ်ကြိမ် ဒီလိုထပ်ဖြစ်ရင် သုံးယောက်စလုံး အချုပ်ထဲထည့်ထားမယ်"

ဟု ဆူပူကြိမ်းမောင်းလေ၏။ မောင်ကြီးသည် ပုလိပ်၏ ကျေးဇူးကြောင့် သူ၏ ပိုက်ဆံများ မဆုံးရှုံးရဘဲ ပြန်လည်ရရှိခဲ့ လေ၏။

မောင်ကြီးသည် ထိုနေ့ည စေတီလေးသို့ ပြန်လည်ရောက်ရှိသောအခါ လူငယ်များ၏ အနိုင်ကျင့်ပုံကို ပြန်လည်မြင်ယောင်ပြီး လောကတွင် သူတစ်ပါးထက် အင်အားကြီးရန် အမှန်တကယ် လိုအပ်ကြောင်းတွေးမိပြန်၏။

သူသည် ထိုနေ့ညက ပင်ပန်းနွမ်းနယ်သဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်လေ၏။ နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးသောအခါ သူ၏ အနီးတွင် တိုက်ပုံအင်္ကျီဝတ် လူသုံးယောက်ကို တွေ့ရ၏။

ထိုသူများသည် မောင်ကြီးကို အထင်သေးဟန်ဖြင့် ကြည့်၍

" ဟေ့ကောင်လေး၊ မင်းနောက်နေ့ကစပြီး ဘုရားမှာ အိပ်ခွင့်မရှိတော့ဘူး၊ ကြားလား"

ဟု မောင်းနှင်ထုတ်လိုက်လေ၏။ ထိုသူများသည် ဘုရား၏ ဂေါပကလူကြီးများ ဖြစ်ပုံရလေ၏။ မောင်ကြီးက လူကြီး များကို ကြည့်၍

" ကျုပ်မှာ လောလောဆယ်အိပ်စရာမရှိလို့ပါ၊ အိပ်စရာရတဲ့အထိ အိပ်ခွင့်ပေးပါ"

ဟု တောင်းပန်လေ၏ ။ ထိုအခါ ဘုရားလူကြီးများက မောင်ကြီးကို မနှစ်မြို့ဟန်ဖြင့် ကြည့်၍ တစ်ဦးက

“ ဟော့ကောင် မင်းဘာမှအပိုမပြောနဲ့၊ စေတီမှာ မအိပ်ရဘူးဆို မအိပ်ရဘူးပဲ၊ သူခိုးမှန်းမသိ၊ လူဆိုးမှန်းမသိ၊ စေတီမှာ အိပ်ခွင့်မပေးနိုင်ဘူး”

ဟု ပြောလေ၏ ။ မောင်ကြီးက ဘုရားလူကြီးများကို အသနားခံဟန်ဖြင့် ကြည့်၍

“ ကျုပ်ဟာ မိမရှိ၊ ဖမရှိ ဒုက္ခသည်ပါဦးလေးတိုကရယ် လောလောဆယ်တော့ စေတီမှာပဲ အိပ်ပါရစေ”

ဟု တောင်းပန်လေ၏ ။ သို့သော် ဘုရားလူကြီးများက မောင်ကြီးကို မောက်မာစွာ ပြောဆိုပြီး စေတီပေါ်မှ မောင်းချ လေ၏ ။

ဘုရားလူကြီးတစ်ဦးဆိုလျှင် မောင်ကြီး၏ လွယ်အိတ်ကလေးကို စေတီပေါ်မှ လမ်းပေါ်သို့ လှမ်းပစ်လိုက် လေ၏ ။ မောင်ကြီးသည် ဘုရားလူကြီးများ၏ ခက်ထန်သောအပြုအမူကြောင့် မတောင်းပန်နိုင်တော့ဘဲ စေတီပေါ်မှ ဆင်းခဲ့လေ၏ ။

ထို့နောက်တွင်မူ စေတီနှင့် မလှမ်းမကမ်းရှိ ရေချမ်းစင်လေးမှ ရေကို ခပ်သောက်လိုက်လေ၏ ။ မောင်ကြီး ရေသောက်နေစဉ် သစ်ပင်ရိပ်အောက်၌ နားခိုနေသော လူကြီးတစ်ယောက်က မောင်ကြီးကို ကြည့်၍

“ ဟား....ဟား...ဟား မင်းက တရားသမားအမည်ခံပြီး လောဘတက်နေတဲ့ လောဘအိုးကြီးတွေကိုမှ သွား ပြီးတောင်းပန်တာကိုးကွ၊ ဒီလူကြီးတွေရဲ့ ရင်ထဲမှာ အကြင်နာတရားမရှိဘူး၊ သူတို့ဟာ လူအများရဲ့အမြင်မှာ သူတို့ ကိုယ်သူတို့ ဘာသာရေးကိုင်းရှိုင်းတယ်လို့ထင်အောင် ဟန်ရေးပြတက်တာကလွဲလို့ ဘယ်သောအခါမှ အမှန် တရားကို မလုပ်ဘူးကွ၊ တစ်ညစာ ခေါင်းချစရာအတွက် ဒီလောက်တောင်တောင်းပန်စရာမလိုပါဘူးကွာ၊

မင်းကို ညအိပ်လို့ရအောင် ငါကူညီနိုင်ပါတယ်”

ဟု ပြောလေ၏။ မောင်ကြီးသည် လူကြီး၏ စကားကြောင့် ထိုသူ၏ စုတ်ချာသောအဝတ်များကို ကြည့်၍ မယုံကြည် သလိုဖြစ်သွား၏။ လူကြီးက မောင်ကြီး၏ အမူအရာကို နားလည်ဟန်ဖြင့်

“ လောကမှာ လူတွေဟာ သိပ်ရယ်ဖို့ကောင်းတယ်၊ မင်းကိုစောစောက စေတီပေါ်က မောင်းချတဲ့လူကြီး တွေက ပိုးတိုက်ပုံနဲ့ ဘန်ကောက်လုံချည်တွေဝတ်ထားတယ်၊ ငါကတော့ ကာကီအကျႌအစုတ်နဲ့ ပုဆိုးကြမ်းကို ဝတ်ဆင်ထားတယ်၊ ငါ့ရဲ့ဟောင်းနွမ်းဆွေးမြေ့နေတဲ့ အဝတ်အစားတွေကို ကြည့်ပြီး မင်းမယုံကြည်ဘူးထင်တယ်၊ မင်းအိပ်စက်မဲ့ ကျောတစ်နေရာစာအတွက် ငါ့ကို တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူးကွာ၊ ဒီနေရာကလဲ ငါပိုင်တဲ့ နေရာမဟုတ်ပါဘူး”

ဟု ပြောလေရာ မောင်ကြီးသည် လူကြီးပြောသောနေရာကို စိတ်ဝင်စားနေသဖြင့် မေးမြန်းလေ၏။ ထိုအခါ လူကြီးက

“ ငါ့အလုပ်က မြို့ထဲမှာလှည့်ပြီး စက်ချုပ်တဲ့အလုပ်ကို လုပ်တယ်ကွ၊ စက်ခေါင်းလေးကို ထမ်းပြီး လက် လှည့်စက်ကလေးချုပ်ရတာ ပေါ့ကွာ၊ တစ်နေကုန်စက်ချုပ်ပြီးရင် စက်ခေါင်းကို မြို့ထဲက အိမ်တစ်အိမ်မှာ အပ်ပြီး ကုန်လှောင်ရုံမှာ ပြန်အိပ်တယ်”

ဟု ပြောလေ၏။ ထိုအခါ မောင်ကြီးက လူကြီးကိုကြည့်၍

“ ဒီမြို့မှာ ကျူပ်အတွက် အလုပ်တစ်ခုမှရှိနိုင်ဘူးလား”

ဟု မေးမြန်းလေ၏။ မောင်ကြီး၏ မေးခွန်းကြောင့် လူကြီးက မျက်မှောင်ကြုတ်စဉ်းစားလိုက်ပြီး

“ ဒီမြို့မှာ ဘာအလုပ်မှာ လုပ်လို့မကောင်းဘူး၊ ဖြစ်နိုင်ရင် ဒီမြို့ကို

စွန့်ခွာပြီး သွားရင်အကောင်းဆုံးပဲ”

ဟု အကြံပေးလေ၏။ မောင်ကြီးသည် လူကြီး၏ စကားကြောင့် စိတ်ပျက်လက်ပျက် ဖြစ်သွားလေ၏။ လူကြီးသည် ခဏကြာလျှင် စက်ခေါင်းကိုထမ်း၍ စက်ချုပ်ရန် ထွက်ခွာသွားလေ၏။ လူကြီးက ထွက်ခွာကာနီးတွင်

“ ဒီမြို့မှာ ကောင်းရောင်းကောင်းဝယ် လုပ်စားဖို့ဖက် သူတစ်ပါးကို ခေါင်းပုံဖြတ်အမြတ်ထုတ်စားမှ ကြီးပွား မှာကွ၊ ဒီမြို့မှာ ရှိတဲ့လူတွေက များသောအားဖြင့် ဒီလိုလူတွေချည်းပဲ”

ဟု ပြောလေ၏။ မောင်ကြီးသည် ထိုနေ့ညသို့ရောက်သောအခါ လူကြီးပြောသော မြို့တောင်ဘက် ကုန်လှောင်ရုံ များသို့ သွားရောက်အိပ်စက်လေ၏ ။

ကုန်လှောင်ရုံများ၌ ကျယ်ပြန့်သော လှေကားထစ်များရှိ၏။ ထိုလှေကားထစ်များပေါ်တွင် မြို့ပေါ်ရှိ အိမ်ခြေ ရာခြေမဲ့သော ဆင်းရဲသားများ အိပ်စက်ကြလေ၏။

မောင်ကြီးသည် ကွက်လပ်တစ်ခုသို့ သွားရောက် အိပ်စက်လေ၏။ ထိုညက ထူးထူးခြားခြား ရာသီဥတု ချမ်းအေးနေလေ၏။ ဆောင်းရာသီ၏ အစရက်များတွင် အေးစက်ခြင်းမရှိဘဲ ယနေ့ကျမှ စတင်အေးချမ်းလာလေ၏။

မောင်ကြီးသည် အများသူငါကဲ့သို့ ခြုံစရာစောင်မရှိသဖြင့် ပုဆိုးစုတ်ကလေးကို လွယ်အိတ်ထဲမှ ထုတ်ခင်း ခြုံလွှမ်းထားရ၏။ လွယ်အိတ်ကိုမူ ခေါင်းအုံး၍ အိပ်စက်ခဲ့လေ၏။

မောင်ကြီးသည် ခဏကြာလျှင် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။ သူအိပ်ပျော်သွားပြီး များမကြာမီ သူ၏ ကိုယ်ခန္ဓာကို ကြမ်းတမ်းစွာ ကန်ကျောက်ခြင်းခံရသဖြင့် လန့်နိုးလာ၏။

ထိုအခါ မိမိ၏ ကိုယ်ခန္ဓာကို ကန်ကျောက်၍ အိပ်ရာမှ နှိုးသောအသံကို ကြားရလေ၏။

မောင်ကြီးသည် ကုန်လှောင်ရုံမီးရောင်မှိန်မှိန်လေးဖြင့် မိမိကို ကန်ကျောက်၍ အိက်ရာမှနိုးသောသူများကို ကြည့်လိုက်သောအခါ သူနှင့်ရွယ်တူ လူငယ်နှစ်ဦးဖြစ်နေလေ၏။

မောင်ကြီးသည် ကန်ကျောက်နေသူများကို လက်ဖြင့်ကာ၍

“ ကျုပ်ကို ဘာကြောင့်ကန်ရတာ လဲ”

ဟု အလန့်တကြား မေးမြန်းလေ၏။ ထိုအခါ မောင်ကြီးကို ကန်ကျောက်နေသူတစ်ဦးက

“ ဘာဖြစ်လို့ ကန်ကျောက်နေလဲ ဟုတ်လား၊ ခွေးကောင် မင်းအခုအိပ်တဲ့နေရာက ဘယ်နေရာလဲသိလား”

ဟု မေးမြန်းလေ၏။ ထိုအခါ မောင်ကြီးက လူငယ်များကို မကျေမချမ်းဖြစ်သွားပြီး

“ ကျုပ်သိတာပေါ့ဗျ၊ ဒီနေရာက ကုန်လှောင်ရုံပဲ”

ဟု ပြောလေ၏။ ထိုအခါ လူငယ်နှစ်ဦးအနက် တစ်ဦးက

“ ဟေ့ကောင် ကုန်လှောင်ရုံကို ပြောတာမဟုတ်ဘူး၊ မင်းအခု အိပ်နေတဲ့နေရာကို ပြောတာကွ၊ ဒီနေရာက ငါတို့နှစ်ယောက်အိပ်နေကျနေရာ၊ ငါတို့ ပွဲသွားကြည့်နေလို့ အိပ်ဖို့ နောက်ကျသွားတာကွ၊ ငါတို့ နေရာကို ဝင်ဦး လို့မရဘူး၊ နာသွားမယ်”

ဟု ရိုင်းစိုင်းစွာ ပြောဆိုလေ၏။ မောင်ကြီးသည် မိမိအားရိုက်နှက်နေသူများကို ပြန်လည်တုံ့ပြန်ရန် မဖြစ်နိုင်သဖြင့် အံကိုကြိတ်၍ အိပ်နေရာမှ လူးလဲထလေ၏။

ပြီးနောက် အိပ်စက်ရာ အခြားနေရာသို့ ရှာဖွေလေရာ ကုန်လှောင်ရုံ၏ လှေကားထစ်များတင် လူများပြည့် နေကြောင်း အံ့ဩဖွယ်တွေ့ရ၏ ။

မောင်ကြီးစတင်အိပ်စက်သောအချိန်တွင် အိပ်စက်ရန် နေရာပေါ်များခြင်းမှာ ကုန်လှောင်ရုံတွင် အိပ်စက် နေသူများအားလုံးမြို့ပြင်ရှိ အငြိမ့်ပွဲသို့ သွားရောက်ကြည့်ရှုနေသောကြောင့် ဖြစ်၏ ။

မောင်ကြီးသည် ကုန်လှောင်ရုံလှေကားထစ်များတွင် အိပ်စက်ရန် နေရာအလွန်ရှားပါးနေသဖြင့် ထိုနေရာ တွင် အိပ်စက်ရန် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့်ချမ်းအေးသော ဆောင်းညတွင် အိပ်ချင်မူးတူးထွက်ခဲ့လေ၏ ။ မောင်ကြီးသည် အိပ်စက်ရန် နေရာရှာဖွေရင်း အေးလွန်းသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး ခိုက်ခိုက်တုန်လာ၏ ။

နောက်ဆုံးတွင် အိပ်စက်ရန်နေရာ ရှားပါးလွန်းသဖြင့် သစ်ပင်ကြီးတစ်ပင်အောင်ရှိ ခုံတန်းလျားတွင် ဝင် ရောက်အိပ်စက်ရန် ကြိုးစားလေ၏ ။

သို့သော် ထိုနေရာသည် လေပြင်းများတိုက်ခက်ပြီး အကာအရံမရှိသဖြင့် ခိုက်ခိုက်တုန်အောင် အေးမြနေ ၏ ။ သူ့၌ ခြုံစရာစောင်လည်းမရှိချေ။ ထို့ကြောင့် ကောင်းစွာ မအိပ်စက်နိုင်လဲရှိလေ၏ ။

ထိုအခိုက်မှာပင် အနီးသို့ လက်နှိပ်ဓာတ်မီးရောင်များ တဝင်းဝင်းလက်၍ ရောက်ရှိလာပြီး

" ဟေ့ကောင်...... ထစမ်း"

ဟူသော အသံကြားရသဖြင့် ခေါင်းထောင်ကြည့်လိုက်ရာ ပတ္တာရောင်လှည့်လာသော ပုလိပ်များဖြစ်နေလေ၏ ။ ပုလိပ် များက မောင်ကြီးကို အမျိုးမျိုးစစ်မေးကြ၏ ။

ထိုနောက် မောင်ကြီးကို မသက်ာဟု အကြောင်းပြကာ ဂါတ်သို့ဖမ်းဆီးခေါ်ဆောင်သွားလေ၏။ မောင်ကြီး သည် အချုပ်သို့ ရောက်သောအခါမှာပင် မိုးလုံလေလုံဖြင့် နွေးထွေးစွာ အိပ်စက်ရလေ၏။

မောင်ကြီးသည် ထိုညက ကောင်းစွာ အိပ်စက်ရသဖြင့် မိမိကို ဖမ်းဆီးခဲ့သော ပုလိပ်များကို ကျေးဇူးတင်နေ လေ၏။ နောက်တစ်နေ့သို့ ရောက်သောအခါ ပုလိပ်များသည် မောင်ကြီး၌ အပြစ်တစ်စုံတစ်ရာမတွေ့သဖြင့်

“ ဟေ့ကောင်၊ သွားတော့၊ နောက်တစ်ကြိမ်မှောင်ရိပ်ခိုဖို့ မကြိုးစားနဲ့၊ ထောင်ထဲရောက်သွားမယ်”

ဟု ကြိမ်းမောင်းကာ ပြန်လွှတ်ပေးလိုက်လေ၏။

ဤသို့ဖြင့် မောင်ကြီးသည် အချုပ်ခန်းမှ လွတ်မြောက်ခဲ့ပြီး ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် မြို့တစ်နေ ရာရှိ ထမင်းဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စားသောက်လေ၏။

ထိုသို့ စားသောက်ပြီးနောက် စားပွဲထိုး မိန်းမပျိုအားခေါ်၍ ငွေရှင်းရန် ပြောလိုက်သောအခါ မိန်းမပျိုက တစ်မူးကျကြောင်း ပြောလေ၏။

မောင်ကြီးသည် ပိုက်ဆံတစ်မူးကိုပေးရန် အိတ်ထဲသို့ နှိုက်လိုက်သောအခါ ပိုက်ဆံတစ်ပြားမျှ မတွေ့ရ သဖြင့် မျက်လုံးပြူးသွားလေ၏။

ပုလိပ်ဌာနက ထွက်လာခဲ့သည်အထိ သူ၏ အိတ်ထဲတွင် ပိုက်ဆံရှိနေ၏ ။

ယခု ထမင်းဆိုင်ထဲသို့ရောက်သောအခါ ပိုက်ဆံမရှိတော့သဖြင့် အခက်ကြုံနေလေ၏။

အမှန်စင်စစ် မောင်ကြီး၏ အိတ်ထဲရှိ ပိုက်ဆံများကို ခါးပိုက်နှိုက်ခံရခြင်းဖြစ်၏။ မောင်ကြီးသည် သူ၏ အိတ်ထဲ ရှိ ပိုက်ဆံများ

မရှိတော့ကြောင်း စားပွဲထိုးမိန်းမပျိုလေးကို ရိုးသားစွာ ပြောပြလေ၏။

သို့သော် ဆိုင်ရှင်မိန်းမကြီးသည် မောင်ကြီးကို ဒေါသတကြီး ကြည့်၍

“ ဘာ….. အိတ်ထဲမှာ ပိုက်ဆံမရှိတော့ဘူး ဟုတ်လား၊ ဒါမျိုးတွေ ရိုးနေပြီ ကောင်လေး၊ လူလူမူတို့က ထမင်းဆိုင်ဖွင့်စားတာ အံ့တိုနေပြီ၊ ထမင်းစားပြီးတော့မှ ပိုက်ဆံတွေ ခါးပိုက်နှိုက်ခံရတယ်ဆိုပြီး လိမ်ညာမလို့ပေါ့ လေ၊ ငါ့ဆိုင်မှာ ဒီလိုလုပ်လို့မရဘူး၊ နင့်ကို ပုလိပ်လက်ကိုအပ်ရမယ်”

ဟု ပြောလေ၏။ မောင်ကြီးသည် ဂါတ်ထဲသို့ နောက်တစ်ကြိမ်ရောက်မှာ ကြောက်ရွံ့လှသဖြင့် ကမန်း ကတန်းလက်ကာ၍

“ ကျုပ်ကို ဂါတ်ထဲကိုတော့ မပို့ပါနဲ့ဗျာ၊ တောင်းပန်ပါတယ်၊ အဒေါ်ရဲ့ဆိုင်မှာ ထမင်းဖိုးကျေအောင် ကျုပ် ကိုကြိုက်သလို ခိုင်းပါ၊ ကျုပ်လုပ်ပေ့ါမယ်”

ဟု ပြောလေ၏။ ထိုအခါ ထမင်းဆိုင်ရှင်မိန်းမကြီးက မျက်မှောင်ကြုတ်၍

“ နင် တကယ် ငါတို့ခိုင်းတာ လုပ်မှာလား”

ဟု မေးမြန်းလေရာ မောင်ကြီးက ခိုင်းစေသမျှ လုပ်ကိုင်ပါမည်ဟု ကတိပြုလိုက်လေ၏။

ထိုအခါ ဆိုင်ရှင်မိန်းမကြီးက ခေါင်းညိတ်၍

“ ဒါဆိုရင် နင့်ကို အရင်ဆုံး ရေတွေဖြည့်ခိုင်းရမယ်”

ဟု ပြောကာ ဆိုင်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ရေတွင်းမှ ရေကို ဆိုင်ရှိ စဉ့်အိုးသို့ ထည့်ခိုင်းလေ၏။

စဉ့်အိုးကြီးနှစ်လုံး ရေပြည့်သောအခါ မောင်ကြီးသည် ချွေးတဒီးဒီးကျ၍ မောပန်းနွမ်းနယ်နေလေ၏။ ထို အခိုက်မှာပင် အနီးသို့ ဆိုင်ရှင်မိန်းမကြီး

ရောက်လာပြီး စဥ့်အိုးများကိုကြည့်၍

“ စဥ့်အိုးတွေ ရေပြည့်သွားရင် ဟိုမှာမြင်ရတဲ့ထင်းတွေကို ခွဲရမယ်”

ဟု အမိန့်ပေးပြန်၏ ။

မောင်ကြီးသည် များပြားလှသော ထင်းပုံကြီးကို ကြည့်၍ စိတ်ပျက်လက်ပျက်ဖြစ်သွားလေ၏ ။

သူသည် နေပူကြီးထဲတွင် ထင်းများကို ခွဲရပြန်၏ ။

မောင်ကြီးသည် ထင်းများခွဲရင်း အတန်ကြာသောအခါ သူ၏ လက်များ ပေါက်ပြဲစပြုလာ၏ ။

မောင်ကြီးသည် လက်မှ ဒဏ်ရာများကိုကြည့်၍ အရွယ်နှင့်မမျှအောင် ရက်ရက်စက်စက် ခိုင်းသော ဆိုင်ရှင် မိန်းမကြီးကို မကျေမချမ်းဖြစ်နေလေ၏ ။

သူသည် အင်အားနည်းပါးသူဖြစ်၍ နိုင်လိုမင်းထက်ပြုကျင့်ခြင်းကို ခံရသည်ဟု ယုံကြည်မှတ်ယူထားလေ၏ ။

မောင်ကြီးသည် သူ၏ အဘွား ဒေါ်အိုဇာမှာကြားသကဲ့သို့ အင်အားကြီးမားအောင် ပြုလုပ်ရမည်ဟု ပိုမိုယုံ ကြည်လာလေ၏ ။

မောင်ကြီးသည် ထင်းများကို ပင်ပန်းကြီးစွာ ခွဲခြမ်းနေစဉ် အနီးသို့ ဆိုင်ရှင်မိန်းမကြီးရောက်လာပြီး

“ ဟဲ့ကောင်လေး ထင်းခွဲပြီးရင် ဆိုင်အနောက်က ချုံတွေကို ရှင်းရမယ်၊ အမှိုက်တွေကို လှည်းရမယ်၊ နားလည်လား”

ဟု မတရားခိုင်းစေပြန်သည်။ မိန်းမကြီးသည် မောင်ကြီးစားသောက်ထားသော အဖိုးအခထက် များစွာပိုပြီး ခိုင်းစေ နေလေ၏ ။

မောင်ကြီးသည် မိမိကို မတရားခိုင်းစေနေကြောင်း သိသော်လည်း

စာဒကမတက်ဘဲ မိန်းမကြီး ခိုင်းသမျှ ပြုလုပ်ပေးလေ၏။

မိန်းမကြီးသည် ညနေစောင်းသောအခါမှာပင် ခိုင်းစေခြင်းမှ ရပ်တန့်သွားပြီး

“ ငါ့ဆိုင်မှာ ပိုက်ဆံမရှိဘဲ ဘယ်တော့မှ လာမစားနဲ့”

ဟု ကြိမ်းမောင်းကာ ပြန်လွှတ်လိုက်လေ၏။ မောင်ကြီးသည် မိန်းမကြီးထံမှ ပင်ပန်းနွမ်းနယ်စွာဖြင့် ပြန်ခဲ့လေ၏။ သူ၏ အိတ်ထဲရှိပိုက်ဆံများ ခါးပိုက်နှိုက်ခံလိုက်ရသဖြင့် များစွာအခက်အခဲနှင့် ကြုံတွေ့ရလေ၏။

ထို့နောက် တစ်စုံတစ်ရာကို တွေးတောမိပြီး ခေါင်းတဆက်ဆက်ညိတ်ကာ

“ ဒီငွေတွေဟာ သန့်စင်တဲ့ငွေမှမဟုတ်တာ၊ လမ်းဘေးမှာ သူများပျောက်ဆုံးသွားတဲ့ငွေတွေကို ငါရယူခဲ့ တာပဲ၊ ဒါ့ကြောင့် ငါ့လက်ထဲက အမြန်ပြန်ဆုံးရှုံးသွားတာ ဖြစ်နိုင်တယ်”

ဟု မှတ်ချက်ချရင်း မြို့စွန်ရှိ ဈေးသည်များရှိရာအရပ်သို့ လျှောက်လှမ်းသွားလေ၏။ သူသည် ရွယ်တူ လူငယ်လေး များ ဈေးရောင်းနေပုံကို ကြည့်ရှုနေလေ၏။

ထိုလူငယ်များကဲ့သို့ ဈေးရောင်းချင်သော်လည်း သူ့မှာ အရင်းအနှီးမရှိချေ။

ထိုအခိုက်မှာပင် သူ၏ အနီးတွင် ထိုင်၍ အပန်းဖြေနေသော လူတစ်စုအနက် တစ်ဦးက

“ ရွာထဲကို သွားဖို့ လှည်းမရောက်သေးဘူး၊ ဗိုက်ဆာလာပြီကွာ”

ဟု ညည်းညူလေရာ တစ်ဦးက

“ ဗိုက်ဆာရင် ဈေးသည်တွေဆီက ကောက်ညှင်းထုပ်စားကွာ၊

ကောက်ညှင်းထုပ်မစားချင်ရင် ဆီထမင်း ရှိတယ်၊ ဆီထမင်းမစားချင်ရင်လဲ ငှက်ပျောသီးရှိတယ်”

ဟု ပြောလေ၏။ ထိုအခါ လူတစ်ဦးက ဝင်၍

“ ဟေ့ကောင် ခေါက်ဆွဲကြော်တော့ ဒီနေရာမှာ ဘယ်ရမှာလဲကွ၊ မဖြစ်နိုင်တာကို မပြောစမ်းပါနဲ့၊ မကြာမီ ငါတို့မှာထားတဲ့လှည်းလည်းရောကတော့မယ်၊ ရွာတစ်ရွာကိုရောက်မှ တစ်ခုခုစားလေကွာ”

ဟု ပြောလေရာ ဗိုက်ဆာနေသောသူက မျက်နှာကို ရှုံ့မဲ့၍

“ ရွာကိုရောက်ဖို့ ငါမစောင့်နိုင်တော့ဘူးကွ၊ အခုနေ ခေါက်ဆွဲကြော်ဝယ်ပေးဖို့လူရှိရင် ဘယ်လောက် ကောင်းမလဲ”

ဟု ပြောလေ၏။ မောင်ကြီးသည် ထိုသူများ၏ စကားကို နားထောင်၍ ၎င်းတို့၏ အကျိုးကို ဆောင်ပေးလျှင် မိမိအကျိုးကိုလည်း အောင်မြင်နိုင်ကြောင်းကို ရိပ်စားမိ၏။

ထို့ကြောင့် ခေါက်ဆွဲကြော်စားချင်သောလူ၏ အနီးသို့ သွား၍

“ အကိုကြီး ခေါက်ဆွဲကြော်စားချင်ရင် မြို့ထဲကို အမြန်ပြေးပြီး ကျုပ်ဝယ်ပေးပ့ါမယ်၊ ပိုက်ဆံကိုသာ ပေးပါ”

ဟု ပြောဆိုလိုက်ရာ ခေါက်ဆွဲကြော်စားချင်သောလူသည် သဘောကျဟန်ဖြင့် ပြုံးယောင်သန်းသွားပြီး

“ ဟား ဟား ဟား.... ဘုန်းရှိတဲ့လူဆိုတော့လဲ လိုတိုင်းတလိုက်ရင် ဆောင်ကြဉ်းပေးမဲ့လူ အလိုလို ပေါ် ပေါက်လာတာပဲ”

ဟု ဝမ်းသာအားရပြောရင်း မောင်ကြီးအား ခေါက်ဆွဲကြော်ဝယ်ရန် ငွေတစ်မူးကို ပေးလိုက်လေ၏။

မောင်ကြီးသည် မြို့လယ်ခေါင်ရှိ ခေါက်ဆွဲတစ်ခွက်ကို အမြန်ဝယ်လေ၏ ။ ခေါက်ဆွဲရရှိသောအခါ မြို့စွန်ရှိ လူများထံသို့ အမြန်ပြေးလေ၏ ။

ခေါက်ဆွဲစားချင်သောလူသည် မောင်ကြီးဝယ်ပေးသော ခေါက်ဆွဲကို ကြည့်၍ အလွန်သဘောကျသွားလေ ၏ ။ ထို့ကြောင့် ခေါက်ဆွဲထုပ်ကို ဖြေ၍ မြိန်ရှက်စွာ စားသောက်လေ၏ ။

ခေါက်ဆွဲစားပြီးသာအခါ ထိုသူက မောင်ကြီး၏ ပုခုံးကို ပုတ်၍

“ ဟဲ ဟဲ.... ခေါက်ဆွဲစားလို့ကောင်းတာနဲ့ မင်းကိုကျွေးဖို့မေ့သွားတယ်”

ဟု ပြောလေရာ မောင်ကြီးက ခေါင်းခါ၍ ခေါက်ဆွဲမစားချင်ကြောင်းပြောလေ၏ ။ ထိုအခါ ခေါက်ဆွဲစားသောလူက မောင်ကြီးကို ကြည့်၍

“ နေပါဦး၊ မင်းက ဒီမြို့ကပဲလား”

ဟု မေးမြန်းလေ၏ ။ မောင်ကြီးက ဤမြို့က မဟုတ်ကြောင်းပြော၍ သူ့ဘဝဇာတ်လမ်းစုံကို ပြောပြလေ၏ ။ ထိုအခါ ခေါက်ဆွဲစားသောလူက မောင်ကြီးကို ကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ

“ လူ့ဘဝဆိုတာ ဒီလိုပဲကွ၊ ခက်ခဲကြမ်းတမ်းမှုတွေ အများကြီးကြုံတွေ့ရတယ်၊ ငါတို့လဲ လူ့လောကကြီးမှာ စွန့်စားမှုတွေ အများကြီးလုပ်ရတယ်၊ သည်းထိပ်ရင်ဖို ဖြစ်ရပ်တွေလဲ အများကြီးကြုံရတယ်၊ လောလောဆယ် မင်းမှာ နေစရာမရှိရင် ငါတို့အုပ်စုနဲ့လိုက်ပြီး ခိုင်းတာလုပ်ပေ့ါ၊ မင်းအတွက် စားဝတ်နေရေး ပူစရာမလိုပါဘူး”

ဟု ပြောလေရာ မောင်ကြီးသည် သူ့ဆန္ဒပြည့်ဝသွားသဖြင့် ရင်ထဲတွင် ပျော်ရွှင်သွားလေ၏ ။ သို့သော် ထိုလူအုပ်စု တွင်ပါသော လူတစ်ဦးက

“ ဟေ့ကောင် မင်းနာမည်နဲ့လိုက်အောင် စိတ်ကောင်းဝင်နေတာလား၊

ငါတို့အုပ်စု အမြဲတမ်း အန္တရာယ်နဲ့ နပန်းလုံးနေရတာ ၊ ဒီကောင်တစ်ကောင်ပိုတိုးလာရင် ခက်နေမယ်”

ဟု ဝင်ရောက်၍ ဖျက်လေ၏ ။ ထိုအခါ ခေါက်ဆွဲစားနေသော လူကသက်ပြင်းချ၍

“ အန္တရာယ်ရှိတာလဲ ရှိတာပေ့ါကွာ၊ ဒါပေမဲ့ ငါတို့အုပ်စုမှာ တောက်တိုမည်ရခိုင်းဖို့ လူတစ်ယောက်လိုတယ် ကွ၊ ဒီကောင်လေးကြည့်ရတာ မိမရှိ၊ ဖမရှိ တစ်ကောင်ကြွက်ကွ၊ သူ့ကိုခေါ်သွားပြီး စမ်းခိုင်းကြည့်လို့ရတယ်၊ မကြိုက်ဘူးဆိုရင် ပြန်လွှတ်လိုက်ရုံပေ့ါ”

ဟု ပြောလေရာ ထိုအုပ်စုမှ လူများသည် ငြိမ်သက်သွားလေ၏ ။ မောင်ကြီးသည် မိမိကို ခိုင်းစေရန်အတွက် ခေါ် ဆောင်ခြင်းဖြစ်ပြီး မနှစ်သက်လျှင် အချိန်မရွေး မောင်းထုတ်နိုင်ကြောင်း ရိပ်စားမိလေ၏ ။

သို့သော် လောလောဆယ် သူ၏ စားဝတ်နေရေး အခြေအနေမှာ ခက်ခဲလှသဖြင့် ထိုသူများနှင့် အရဲစွန့်၍ လိုက်ပါသွားရန် ဆုံးဖြတ်လိုက်၏ ။

ခဏအကြာတွင် ထိုသူများကို လာရောက်ခေါ်ဆောင်သောန္တားလှည်းရောက်လာ၏ ။ ထိုသူများသည် စုစု ပေါင်းငါးယောက်တိတိဖြစ်၏ ။ မောင်ကြီးလိုက်ပါလာသောအခါ ခြောက်ယောက်ဖြစ်သွားလေ၏ ။

မောင်ကြီးသည် အလုပ်အကိုင် မယ်မယ်ရရ မသိရသော လူစိမ်းငါးယောက်နှင့်အတူ လိုက်ပါသွားလေ၏ ။ ထိုသူများသည် ရွာတစ်ရွာသို့ ရောက်လျှင် ရွာရှိကာလသားခေါင်းများနှင့် သွားရောက်တွေ့ဆုံ၍ တိုးတိုးတိတ်တိတ် မေးမြန်းနေကြောင်း တွေ့ရလေ၏ ။

ထိုသူများသည် အသိရခက်သူများဖြစ်ပြီး လျှို့ဝှက်သော အလုပ်တစ်ခုကို လုပ်ကိုင်သူများဟု ထင်မြင်ရ၏ ။

ခဏကြာလျှင် လှည်းသမားအား ဤနေရာတွင် စခန်းချမည်ဖြစ်ကြောင်းပြောဆိုပြီး လှည်းကို ပြန်လွှတ် လိုက်လေ၏။

ထိုသူများသည် ရွာပြင်ရှိ ဇရပ်ပျက်ကြီး၌ တည်းခိုကြလေ၏။ ၎င်းတို့သည် ယူဆောင်လာသော ရိက္ခာများကို ချက်ပြုပ်ရန် ဇရပ်ပျက်ကြီးအနီးတွင် မီးမွေးလေ၏။

ထင်းခြောက်များကို မောင်ကြီးက လိုက်လံကောက်ပေးလေ၏။ ထို့နောက် ၎င်းတို့ခိုင်းစေသည်များကို လုပ် ကိုင်ပေးရလေ၏။

အတန်ကြာလျှင် ထမင်း၊ ဟင်းများကျက်ပြီ ဖြစ်သဖြင့် သူတို့အားလုံး ငါးခြောက်များရောနှော၍ ချက်ပြုတ် ထားသော သီးစုံပဲကုလားဟင်းကို စားသောက်ကြလေ၏။

ထမင်းစားသောက်ပြီးနောက် ပန်းကန်နှင့် အိုးခွက်များကို မောင်ကြီးက ဒိုင်ခံဆေးကြောရလေ၏။ မောင်ကြီး သည် အနီးရှိ ဘုန်းကြီးကျောင်းဝင်းရှိ ရေတွင်းမှရေဖြင့် ပန်းကန်ခွက်ယောက်များကို ဆေးကြောလေ၏။

ထူးဆန်းသောလူစု သောက်ရန် ရေများကို ပုလင်းဖြင့် သယ်ဆောင်ပေးရ၏။ ထိုလူစုသည် ညသို့ရောက် လျှင် ယူဆောင်လာသော အောက်လင်းမီးကြီးများကို ဇရပ်ပေါ်တွင် ထွန်းညှိလိုက်၏။

ထို့နောက် ခဏကြာလျှင် ရွာဘက်မှ ရောက်ရှိလာသော ကာလသားများနှင့် ဇရပ်ပေါ်တွင် ဖဲကစားကြလေ ၏။ ၎င်းတို့ လူစု၏ လောင်းကြေးငွေဖြင့် ဖဲကစားနေပုံကိုကြည့်၍ မောင်ကြီးသည် ၎င်းတို့ကို ဖဲသမားများဖြစ် ကြောင်း ရိပ်စားမိသွားလေ၏။

၎င်းတို့လူစုသည် ရွာစဉ်လှည့်၍ လောင်းကစားနေသူများဖြစ်၏။ ၎င်းတို့လူူစုတွင် ဖဲသမား၊ ဂျင်သမား၊ အန် စာသမား စသည်ဖြင့် စုံလင်စွာပါရှိ၏။

ထိုနေ့ညက ရွာရှိကာလသားများသည် ဖဲဝိုင်းတွင် ငွေများစွာအနိုင်ရရှိသွားလေ၏။ ၎င်းတို့သည် နောက် တစ်နေ့တွင် ဤရွာတွင် နေထိုင်ရခြင်းမှာ ကံမကောင်းဟု ယူဆကာ ထိုနေရာမှ ထွက်ခဲ့လေတော့၏။

ဤသို့ဖြင့် မောင်ကြီးသည် ဖဲသမားများနှင့် ရွာစဉ်လှည့်ပြီး လိုက်ပါခဲ့လေတော့၏။ မောင်ကြီးသည် ဖဲသမားများ၏ တောက်တိုမည်ရအလုပ်များကို လုပ်ကိုင်ပေးရလေ၏။

ဖဲသမားများသည် မောင်ကြီးကို ထမင်းကျွေး၍ မညှာမတာခိုင်းစေခဲ့လေ၏။ ၎င်းတို့၏ တောက်တိုမည်ရ အလုပ်များကို လုပ်ကိုင်ပေးရုံသာမက ဖဲသမားများအား ညစဉ် နင်းနှိပ်ပေးရလေ၏။

ရွာတစ်ရွာသို့ရောက်သောအခါ ထိုရွာ၌ ဖဲကစားလိုသူများ မရှိသဖြင့် လေးကောင်ဂျင်ဝိုင်း ပြုလုပ်ကြ၏။ လေးကောင်ဂျင်ဝိုင်း၌ ဖဲသမားအုပ်စုမှ အနိုင်ရခဲ့ပြန်၏။

ထိုညက ရွာရှိကာလသားများ လေးကောင်ဂျင်ရှုံးနိမ့်၍ ပြန်သွားသောအခါ ကိုစိတ်ကောင်းက မျက်မှောင် ကြုတ်၍

“ မင်းတို့အားလုံး ဒီနေ့ည သတိဝီရိယနဲ့ အိပ်စက်ကြပါ။ ငါတော့ ရှုံးနိမ့်သွားတဲ့ ရွာသားတွေကို မသင်္ကာ ဘူး၊ ဒီကောင်တွေ ငါတို့ကို ကျေနပ်ပုံ မရဘူး”

ဟု သတိပေးလေ၏။ မောင်ကြီးသည် ကိုစိတ်ကောင်း၏ သတိပေးချက်ကြောင့် ထိတ်လန့်သွားလေ၏။ ဖဲသမား များအနက် အောင်ဦးဆိုသူက

“ ဟုတ်တယ်၊ ငါလည်းဒီလိုပဲ ထင်တယ်၊ ဒီကောင်တွေ ရှုံးသွားတဲ့အတွက် ကျေနပ်ပုံမရဘူး၊ ဒီည ငါတို့ကို ရန်ရှာနိုင်တယ်”

ဟု ပြောလေ၏။ ထိုအခါ ဖဲသမားတစ်ဦးဖြစ်သော ဖိုးထိန်ဆိုသူက သူ၏

အိတ်ထဲမှ အပ်ချည်ကြိုးများဖြင့် ငါးသေတ္တာ ခွက်များကို ယူဆောင်၍ ထွက်ခွာသွားလေ၏ ။

ထိုသူ ဇရပ်နောက်သို့သွား၍ မည်သို့မည်ပုံပြုလုပ်ကြောင်းမသိချေ။ ထို့နောက် ဖဲသမားများသည် ဇရပ် ပေါ်တွင် အိပ်စက်ကြလေ၏ ။

ထိုသို့အိပ်စက်ကြသော်လည်း မောင်ကြီးသည် ရွာသားများလာရောက်ရန်ရှာကြမည်ဆို၍ ထိတ်လန့်နေ လေ၏ ။ မောင်ကြီးသည် ဇရပ်ပေါ်တွင် အိပ်စက်၍ မပျော်နိုင်တော့ဘဲ ရှိနေလေ၏ ။

ဇရပ်ဝန်းကျင်တစ်ခွင်လုံးလည်း တိတ်ဆိတ်ငြိမ်သက်နေ၏ ။ လေတိုးသံသဲ့သဲ့ကိုလည်း မကြားရချေ။ ညဥ့်အတော်နက်သောအခါ ဇရပ်ဝန်းကျင်၌ ငါးသေတ္တာခွက်များ၏ လှုပ်ခတ်သံများကို ကြားရလေ၏ ။

မောင်ကြီးသည် ငါးသေတ္တာခွက်များ အဘယ်ကြောင့် လှုပ်ခတ်ရသနည်းဟု စဉ်းစားနေစဉ် ဖဲသမား ငါးယောက်သည် အိပ်နေရာမှ ခုန်ထ၍ ရန်သူဟု အော်ဟစ်လိုက်လေ၏ ။

ထိုအခိုက်မှာပင် ဇရပ်ဝန်းကျင်၌ ဆူညံသံများကြားရပြီး တုတ်ဓားလက်နက်များ ကိုင်ဆောင်ထားသော ရွာ သားများကို တွေ့ရလေ၏ ။

မောင်ကြီးသည် မိမိတို့ကို လာရောက်တိုက်ခိုက်သော ရန်သူများကို ကြည့်၍ လွန်စွာထိတ်လန့်သွားလေ ၏ ။ ဇရပ်ဝန်းကျင်တွင် အော်သံဟစ်သံ၊ ပြေးလွှားသံများနှင့် ဆူညံပွက်သွားလေ၏ ။

ဖဲသမားများသည် ဇရပ်ပေါ်မှခုန်ချ၍ ရွာသူရွာသားများကို တိုက်ခိုက်ကာ အဝေးဆီသို့ ထွက်ပြေးလေ၏ ။ ၎င်းတို့သည် မောင်ကြီးကို မည်သူမျှ သတိတရနှင့် ခေါ်ယူခြင်းမရှိဘဲ ရွာသားများဆီကို တိုက်ခိုက်ပြီး ထွက်ပြေး လေ၏ ။

မောင်ကြီးသည် ထိုသူများနှင့် ရွာသားများ ရန်းရင်းဆန်ခတ်ဖြစ်နေစဉ်

ကြောက်ရွံ့လှသဖြင့် ဇရပ်နောက်သို့ ခုန်ချပြီး အမှောင်ထဲသို့ ခြေကုန်သုတ် ပြေးဝင်ခဲ့လေ၏ ။

ထိုအခိုက်မှာပင် ရွာသားနှစ်ယောက်က မောင်ကြီးကို တွေ့မြင်သွားပြီး ဇရပ်နောက်မှ ပြေးလိုက်ခဲ့လေ၏ ။ မောင်ကြီးသည် အထိတ်တလန့်ဖြင့် အမှောင်ထဲသို့ ပြေးဝင်ရလေ၏ ။

သူသည် မမြင်မစမ်းဖြင့် ဆူးညှောင့်ခလုတ်များကို တိုက်ခိုက်မိလေ၏ ။ ခဏကြာလျှင် ရန်သူနှစ်ဦးသည် မောင်ကြီးအနောက်သို့ မလိုက်နိုင်တော့ဘဲ ပြတ်၍ ကျန်ရစ်ခဲ့လေ၏ ။

မောင်ကြီးသည် မောပန်းလွန်းသဖြင့် ရင်တစ်ခုလုံး ပေါက်ကွဲလုမတတ် ဖြစ်နေလေတော့၏ ။ သူသည် ဖဲ သမားများနှင့်လည်း လူစုကွဲသွားလေတော့၏ ။

ဖဲသမားများသည် မိမိကို ကလေးတစ်ယောက်ဟု သဘောပေါက်ကာ အကာအကွယ်ပေးခြင်း မပြုခဲ့ချေ။

မောင်ကြီးသည် ဖဲသမားများ၏ စိတ်ဓာတ်ကို မကျေမချမ်း ဖြစ်ရလေ၏ ။ ထိုအခိုက်မှာပင် သူ၏ အနောက်မှ သစ်ရွက်များ လေတိုးသံကိုကြားရသဖြင့် ရွာသားများလိုက်လာပြီထင်၍ အလွန်ထိတ်လန့်ကာ ထိုနေရာမှ ထွက်ပြေးရန် ပြင်လိုက်၏ ။

သို့သော် ရန်သူတစ်ဦးက သူ၏ လက်ကို ဆုပ်ကိုင်လိုက်သဖြင့် အားကုန် ရုန်းကန်သော်လည်း မလွတ်နိုင် သဖြင့်

“ ကျုပ်ကို လွှတ်..... လွှတ်.....”

ဟု အော်ဟစ်လိုက်လေ၏ ။

ထိုအခါ သူ၏ လက်မောင်းကို ချုပ်ကိုင်ထားသောသူက တဟားဟား ရယ်မော၍

" ဟား... ဟား... ဟား... ဘယ်သူများလဲ အောက်မေ့တယ် မောင်ကြီးပါလား"

ဟူသော အသံကိုကြားရ၏။ ထိုအသံသည် ဖဲသမား ဖိုးထိန်၏ အသံဖြစ်ရကြောင်း သိရသဖြင့် မောင်ကြီးသည် ရင်အေးသွားရလေ၏။

ဖဲသမားများသည် ထိုနေရာသို့ ရောက်ရှိနေခြင်းဖြစ်၏။

မောင်ကြီးကို ဖဲသမားအုပ်စုအတွင်းသို့ ခေါ်ဆောင်လာသော ကိုစိတ်ကောင်းက

" ဩော်...... မောင်ကြီး မင်းလွတ်လာသေးတယ်နော်၊ ငါက ရှာသားတွေရဲ့လက်ချက်နဲ့ မင်းတော့ သေရင် သေ၊ မသေရင် ပုလိပ်လက်ကိုရောက်ပြီ ထင်တာကွ"

ဟု ပြောလေရာ မောင်ကြီးသည် မိမိကို ဂရုမစိုက်သော ဖဲသမားများကို မကျေမချမ်းဖြစ်သွားလေ၏။

ဖဲသမားများသည် ၎င်းတို့နှင့်လိုက်ပါလာသော ကလေးငယ်တစ်ဦးကို ဝိုင်းဝန်းစောင့်ရှောက်သင့်၏။ ထို့ကြောင့် ဖဲသမားများကို မကျေမနပ်ကြည့်၍

" ခင်ဗျားတို့အားလုံး ကျုပ်ကို ဂရုမစိုက်ဘဲ ပြေးချင်ရာပြေးခဲ့တယ်နော်"

ဟု ပြောလေရာ ဖဲသမားများအနက် မိုးကြီးဆိုသူက ရယ်မော၍

" ဟား.. ဟား... ဟား... မင်းကို ဂရုစိုက်ဖို့နေနေသာသာ ငါတို့တောင် အန္တရာယ်ထဲက အသက်လုပြီး ပြေး ခဲ့ရတာ ကွ၊ ငါတို့ ကိုယ် ငါတို့ကလွဲရင် ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်ဘူး၊ နောက်ပြီးတော့ လောကမှာ မင်းမှတ်ထား ရမှာက လူဆိုတာ သူများကို အားကိုးလို့မရဘူး၊ မင်းဟာ ညတုန်းက ငါတို့ကို အားကိုးပြီးနေရင် ဒုက္ခရောက်သွား မှာသေချာတယ်၊ အခုလို ကိုယ့်အားကိုယ်ကိုးပြီး ခြေကုန်သုတ်ခဲ့တော့ ရန်သူ့လက်က လွတ်တာပေါ့ကွ၊ မှတ်ထား လောကမှာ

ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ မယုံရဘူးကွ၊ မင်းကို ငါတို့က ဂရုစိုက်ပြီး ရန်သူလက်က ကယ်တင်မယ် ထင်ရင် မှားသွားလိမ့်မယ်၊ ကိုယ့်အန္တရာယ်ကို ကိုယ်ကြည့်ရှောင်တတ်အောင် ကြိုးစားပေတော့”

ဟု ပြောလေရာ မောင်ကြီးသည် ဖဲသမား၏ စကားကို သူ၏ နားထဲတွင် သံမှိုနှင့် နှက်သည့်နှယ် စွဲထင်သွားလေ၏။

“လောကမှာ ဘယ်လိုလူကိုမှ မယုံရဘူးဆိုပါလား၊ ဟုတ်တယ်၊ ဒါအမှန်ပဲ၊ ကိုယ့်အားကိုယ်ကိုးခဲ့လို့ ရန်သူ့ လက်က လွတ်မြောက်လာခဲ့တာပဲ၊ သူတို့ကိုသာ အားကိုးပြီးနေရင် အခုလောက်ဆို သေတာကြာပြီ”

ဟု ရင်ထဲတွင် မှတ်သားထားလိုက်လေ၏။ ထိုနေ့ညက ဖဲသမားများသည် တောထဲတွင်သာ အိပ်စက်ခဲ့လေတော့ ၏။

မောင်ကြီးသည် ထိုညက မအိပ်စက်နိုင်ဘဲ ဖဲသမားမိုးကြီး၏ စကားများကိုသာ အကြိမ်ကြိမ်အဖန်ဖန် ကြား နေလေ၏။ သူသည် ဖဲသမားမိုးကြီး၏ စကားများကို သူ၏ ဘဝတွင် ကြုံတွေ့ရသော အဖြစ်အပျက်များနှင့် ယှဉ်ကာ စဉ်းစားကြည့်လေ၏။

ထိုအခါ သူ့ဘဝ တစ်လျှောက်လုံး မည်သူ့ကိုမျှ အားကိုအားထား ပြုလုပ်လို့မရမှန်း ရိပ်စားမိလေ၏။

*

## အခန်း(၂)

နောက်တစ်နေ့တွင် ဖဲသမားများသည် တောထဲမှ ခရီးဆက်ခဲ့ကြပြန်၏ ။ ၎င်းတို့သည် လွန်ခဲ့သောညက ရန်ရှာခဲ့သော ရွာနှင့်ဝေးရာအရပ်သို့ ခရီးနှင်ကြလေ၏ ။

ထိုရွာနှင့်နီးကပ်သော ရွာများသို့ မဝင်ရောက်ခဲ့ချေ။ ဖဲသမားများသည် ရွာများတစ်ရွာပြီးတစ်ရွာ ကျော်ဖြတ် ၍ ထွက်ခဲ့လေ၏ ။

၎င်းတို့သည် လမ်းခရီးတွင် တွေ့ရသော ရွာများသို့ မဝင်ရောက်ခဲ့ချေ။ ဖဲသမားတစ်ဦးသည် ညနေစောင်း သောအခါ ၎င်း၏ ခရီးဆောင်အိတ်ကြီးမှ မြေပုံကို ထုတ်၍ ကြည့်ကာ

“ ငါတို့ခရီးဆက်တာ ပဲခူးရိုးမနဲ့ တဖြည်းဖြည်းဝေးလာပြီ ဒီနေ့ည ဒီရွာမှာ တည်းခိုကြမယ်”

ဟု ပြောလေ၏ ။ ထိုအခါ ဖဲသမားတစ်ဦးဖြစ်သော မိုးကြီးက မျက်မှောင်ကြုတ်၍

“ ငါတို့ ဒီနေ့ည ရွာမှာ ကစားကြဦးမှာလား”

ဟု မေးမြန်းလေ၏ ။ ထိုအခါ ကိုစိတ်ကောင်းဆိုသော ဖဲသမားက

“ ဒီရွာကိုဝင်ပြီး ကာလသားတွေနဲ့တွေ့ပြီး အခြေအနေကို စနည်းနာကြည့်မယ်၊ ကစားလို့သင့်တော်ရင် ကစားမယ်၊ မသင့်တော်ရင် မကစားဘူး”

ဟု ပြောလေ၏ ။ ထို့နောက် ရွာထဲသို့ဝင်၍ ကာလသားခေါင်းများနှင့် တွေ့ဆုံဆွေးနွေးလေ၏ ။

ထိုအခါ ရွာထဲတွင် ဖဲရိုက်သူ မရှိသလောက် ရှားပါးကြောင်းသိရ၏ ။ ထို့ကြောင့် ဖဲသမား ဖိုးထိန်က

“ ဒီရွာက သူတော်ကောင်းရွာဟေ့၊ ဖဲရိုက်တဲ့လူ တစ်ယောက်မှ မရှိဘူးတဲ့”

ဟု ပြောလေ၏။

ထိုအခါ ဖဲသမားစိတ်ကောင်းက မျက်မှောင်ကြုတ်၍

“ ဘာ.... သူတော်ကောင်းရွာ ဟုတ်လား၊ လူရိုးဆိုတာ သချိုင်းကုန်းမှာပဲ ရှိတာကွ၊ ဒီကောင်တွေ ငါတို့နဲ့ လောင်းကစားအောင်ငါလုပ်ပြမယ် ကြည့်နေ”

ဟု ဆိုကာ ၎င်းတို့၏ လွယ်အိတ်ထဲရှိ ခေါက်ထားသော ကပ်ထူစာရွက်ခေါက်ကြီးကို ထုတ်ယူလေ၏။

ထို့နောက် ကပ်ထူစာရွက်ခေါက်ကြီးကို ဖွင့်လိုက်သောအခါ စာရွက်ခေါက်ပေါ်တွင် ဆေးအနီဖြင့် အကွက် ၆ ကွက် ပြုလုပ်ထားပြီး ထိုအကွက်ထဲတွင် ကြက်၊ ဆင်၊ လိပ်၊ ကျား စသည့် သတ္တဝါများ၏ ပုံသဏ္ဍာန်များကို တွေ့ရလေ၏။

ထိုအခါ ဖဲသမားများသည် စိတ်ကောင်း၏ အကြံအစည်ကို သဘောပေါက်သွားပြီး ဖဲသမားတစ်ဦးက

“ ဒါဆိုရင်တော့ ရွာသားတွေလက်ထဲက ပိုက်ဆံကို ချူပြီးယူလို့ရမှာ သေချာတယ်”

ဟု ပြောလေ၏။ ထို့နောက် စိတ်ကောင်းသည် စာရွက်ခေါက်ကြီးပေါ်သို့ လွန်စွာကြီးမားသော အန်စာတုံး သုံးလုံး ကို တင်လိုက်လေ၏။

ထိုအန်စာတုံးများကို ကပ်ထူဖြင့် ပြုလုပ်ထား၏။ အန်စာတုံးမျာကို တောင်းငယ်လေးတစ်တောင်းဖြင့် အုပ် လိုက်လေ၏။ ခဏကြာလျှင် ရွာသူရွာသားများရောက်လာပြီး တောင်းငယ်လေးနှင့် ကြက်ဆင်လိပ် ဇယားကွက်ကြီး ကိုကြည့်ရှုကြလေ၏။

ထိုအခါ စိတ်ကောင်းက ရွာသူရွာသားများကို ကြည့်၍

“ ရပ်ကြည့်လို့ အမြတ်မရှိဘူး၊ တစ်ပြား နှစ်ပြား ဝင်ပြီး ကံစမ်းကြပါလား”

ဟု ပြောလေရာ ရွာသူရွာသားများထဲမှ လူ့ဂွစာကြီးတစ်ဦးက

“ ကျုပ်တို့မှာ တစ်ပြား နှစ်ပြား မရှိဘူး၊ ဆေးပြင်းလိပ်စည်းပဲရှိတယ်”

ဟု ပြောလေ၏ ။ စိတ်ကောင်းသည် ဆေးပြင်းလိပ်စည်းကြီးကို ကြည့်၍

“ ရတယ်၊ ဆေးပြင်းလိပ်စည်းကိုလည်း လက်ခံတယ်၊ ခင်ဗျားရဲ့ ဆေးပြင်းလိပ်စည်းကြီးကို ပိုက်ဆံတစ်မူး ထားပေးမယ်”

ဟု ပြောလေရာ ရွာသူရွာသားများသည် သဘောကျသွားလေ၏ ။ လူ့ဂွစာကြီးသည် ဆေးပြင်းလိပ်စည်းကြီးကို ကြက်ဇယား၌ ချထိုးလေ၏ ။

ထိုအခါ စိတ်ကောင်းသည် တောင်းကြီးကို လှုပ်ခါလေ၏ ။ ထို့နောက် တောင်းထဲရှိ အန်စာတုံးများ ငြိမ်သက် သွားသောအခါ တောင်းကို ဖွင့်လိုက်လေ၏ ။

ရွာသူရွာသားများသည် တောင်းထဲရှိ အန်စာတုံးများကို စိတ်လှုပ်ရှားစွာဖြင့် ကြည့်ရှုလေရာ ကြက်ဇယားတွင် ကျသဖြင့် ပျော်ရွှင်စွာဖြင့် ဝါးခနဲ အော်ဟစ်လိုက်လေ၏ ။

လူ့ဂွစာကြီးသည် သူ၏ ဆေးပြင်းလိပ်ကြီးကို ပြန်လည်ရယူလိုက်ပြီး စိတ်ကောင်း အလျော်ပေးသော ငွေ တစ်မူးကို ရယူလေ၏ ။ လူ့ဂွစာကြီးအနိုင်ရသဖြင့် ရွာသားတစ်ဦးသည် သူ၏ လက်ထဲရှိ ငှက်ပျောသီးတစ်ဖီးကို ထောင်ပြ၍ စိတ်ကောင်းကို ဝင်ရောက်လောင်းကစားလိုကြောင်း ပြောလေ၏ ။

စိတ်ကောင်းက ငှက်ပျောသီးကိုလည်း ငွေတစ်မူးဖြင့် လက်ခံကြောင်းပြောလေ၏ ။

ထိုအခါ ငှက်ပျောသီးတစ်ဖီးကို အသုံးပြု၍ ဝင်ရောက်လောင်းကစားသော ရွာသားလည်း ငွေတစ်မူး အလျော်ရလေ၏ ။

ရွာသားများသည် ၎င်းတို့ဘက်မှ အနိုင်ရသဖြင့် စိတ်အားတက်ကြွပြီး မိမိတို့ယူဆောင်လာသော ငွေအ ကြွေစေ့များကို ဝင်ရောက်လောင်းကစားလေ၏ ။

ရွာသူရွာသားအများစုသည် လောင်းကစားပွဲတွင် အနိုင်ရရှိကြလေ၏ ။

ထို့ကြောင့် စိတ်ကောင်း၏ အန်စာလောင်းကစားဝိုင်းအကြောင်းသည် ရွာထဲသို့ ပျံ့နှံ့သွားလေ၏ ။

နောက်တစ်နေ့မှစ၍ ရွာသားများသည် ငွေစေကြေးစများကို ကိုင်တွယ်ကာ ကိုစိတ်ကောင်း၏ ကြက်၊ ဆင်၊ လိပ် ဇယားတွင် ဝင်ရောက်လောင်းကစားလေ၏ ။

ထိုအခါ စိတ်ကောင်းတစ်ယောက်တည်းပင် မနိုင်တော့ဘဲ ဖိုးထိန်နှင့် မိုးကြီးတို့ကပင် ဝင်ရောက်၍ ကြက် ဆင်လိပ် ဒိုင်များ ဖွင့်လှစ်ပေးလေ၏ ။

စိတ်ကောင်းတို့သည် ရွာ၌ သုံးရက်တိတိ လောင်းကစားဝိုင်း ဖွင့်လေ၏ ။

၎င်းတို့သည် သုံးရက်အတွင်း ရွာသူရွာသားများထံမှ ငွေများစွာအနိုင်ရရှိလိုက်လေ၏ ။

စိတ်ကောင်း၏ ကြက်၊ ဆင်၊ လိပ် လောင်းကစားဝိုင်းသည် ပထမနေ့တွင် ရွာသူရွာသားများဘက်မှ အနိုင်ရရှိပြီး ကျန်နှစ်ရက်နေ့တွင် စိတ်ကောင်းတို့ဘက်မှ အနိုင်ရရှိလေ၏ ။

စိတ်ကောင်းသည် ထိုရွာ၌ သုံးရက်တိတိ လောင်းကစားပြီးနောက် သူ၏ အပေါင်းအဖော်များဘက်သို့ လှည့်၍

“ ငါတို့ ဒီရွာမှာ လေးရက်ဆက်ပြီး ကစားဖို့မသင့်တော့ဖူး၊ ကြာရင်

မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ် ပေါ်နိုင်တယ်”

ဟု ပြောလေ၏ ။ ထိုအခါ ဖိုးထိန်ကလည်း ဝင်ရောက်၍

“ ဟုတ်တယ်၊ ရွာထဲက အပေါင်ဆိုင်မှာ ပစ္စည်းတွေ ပြည့်နေပြီလို့ကြားတယ်၊ အပေါင်ဆိုင်ရှင်မိန်းမကြီး တောင် ငါတို့ကစားဝိုင်းမှာ ရှုံးနိမ့်နေလို့ ပစ္စည်းတွေ အပေါင်မခံနိုင်တော့ဘူး”

ဟု ပြောလေ၏ ။

ထိုအခါ မောင်ကြီးက ဝင်ရောက်၍

“ ရွာသားတွေ ပထမနေ့တုန်းက အများကြီးနိုင်တယ်နော်၊ နောက်နေ့တွေမှ ရွာသားတွေ ရှုံးနိမ့်သွားတာ”

ဟု ပြောလေ၏ ။ မောင်ကြီး၏ စကားကြောင့် စိတ်ကောင်းက တဟားဟားရယ်မော၍

“ ဟား ဟား ဟား.... ရွာသားတွေ ပထမနေ့က အနိုင်ရမှာပေါ့ကွာ၊ သူတို့အနိုင်ရအောင် ငါတမင်လုပ် ပေးလိုက်တာကွ”

ဟု ပြောလေ၏ ။ မောင်ကြီးသည် စိတ်ကောင်း၏ စကားကြောင့် အလွန်အံ့ဩသွားပြီး

“ ဟင်..... ခင်ဗျားက ရွာသားတွေ အနိုင်ရအောင် လုပ်ပေးလို့ရလို့လား”

ဟု ပြောလော၏ ။ စိတ်ကောင်းက တဟားဟား ရယ်မော၍

“ ဟား ဟား ဟား..... အန်စာတုံးတွေကို လိုအပ်သလို လုပ်လို့ရတယ်ကွ၊ ရွာသားတွေကို ပထမနေ့တုန်း က ငါတမင်အနိုင်ပေးလိုက်တာကွ၊ ဒီကောင်တွေ အနိုင်ရတော့ စိတ်ဓာတ်တက်ကြွပြီး နောက်နေ့တွေမှာ အလုံး အရင်း လာကစားကြတယ်၊ အဲဒီ တော့မှ ငါတို့ဆင်ထားတဲ့ အကွက်ထဲကို ဝင်ရောက်လာတာပေါ့ကွာ”

ဟု ပြောလေရာ မောင်ကြီးသည် အန်စာတုံးများကို စိတ်ကောင်းတို့လူစု အလွယ်တကူ လှည့်ကစားနိုင်ကြောင်း သိရှိသွားလေ၏။

ထိုအခါ စိတ်ကောင်းတို့လူစုသည် ကံတိုက်ကစားသူများ မဟုတ်ကြဘဲ လိမ်ညာလှည့်ဖြား၍ ကစားနေသူ များဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။

ထို့ကြောင့် မောင်ကြီးက စိတ်ကောင်းကို အံ့သြဟန်ဖြင့် ကြည့်၍

“ ဟင်.... ဒါဆိုရင် ခင်ဗျားတို့က လူတွေကို ပရိယာယ်နဲ့ လှည့်စားပြီး ကစားတဲ့သူတွေပေ့ါ”

ဟု မေးမြန်းလိုက်လေ၏။ စိတ်ကောင်းက တဟားဟားရယ်မော၍

“ ဟား ဟား ဟား.... ဒါတွေကို မင်းအခုမှသိရသလား ငါတို့အုပ်စုက ပရိယာယ်သုံးပြီး မကစားရင် ဘယ်လိုလုပ်ပြီး ရွာစဉ်လှည့်ကစားနိုင်မှာလဲကွ၊ အဲဒီနေ့က ပထမဦးဆုံးနေ့မှာ ရွာလူတွေကို အရှုံးပေးပြီး ကစား လိုက်တော့ ဒီကောင်တွေ ကစားချင်စိတ်တွေ တရှူရှူဖြစ်လာတယ်၊ ဒီတော့မှ နောက်ရက်တွေမှာ ငါအနိုင်ကစား လိုက်တာပေ့ါကွာ၊ လောကမှာ ဘာအလုပ်ပဲ လုပ်လုပ် အစပိုင်းမှာ အဆင်ပြေအောင် လုပ်ပေးဖို့လိုအပါတယ်၊ အစ ပိုင်းမှာ အဆင်ပြေရင် နောက်ပိုင်းမှာ အလိုလိုအောင်မြင်သွားလိမ့်မယ်၊ ဈေးရောင်းကောင်းတဲ့ဆိုင်တွေဟာ အစ ပိုင်းမှာ ဈေးသက်သာပြီး ဝန်ဆောင်မှုကောင်းတာတွေရမယ်၊ များသောအားဖြင့် အောင်မြင်တဲ့လုပ်ငန်းတွေဟာ သူတို့ရဲ့ ဝန်ဆောင်မှုကိုဆက်ပြီး ထိန်းသိမ်းထားတာများတယ်ကွ”

ဟု ပြောလေ၏။ မောင်ကြီးသည် စိတ်ကောင်း၏ စကားကို နားထောင်၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

“ ဟုတ်တယ်၊ လောကမှာ အစပိုင်းမှာ စိတ်အားတက်ကြွအောင်လုပ်ပေးဖို့ အရေးကြီးတယ်၊ အစပိုင်းမှာ အဆင်ပြေသွားရင် နောက်ပိုင်းမှာ အောင်မြင်သွားတာပဲ၊ ဒါကို ငါသေသေချာချာ မှတ်ထားရမယ်”

ဟု တွေးတောကာ မောင်ကြီးသည် စကားကို သေချာစွာမှတ်သားလိုက်လေတော့၏။

ထို့နောက်တွင်မူ ဖဲသမားများသည် ထိုရွာတွင် ဆက်လက်၍ မကစားတော့ဘဲ ခရီးဆက်ခဲ့လေတော့၏။ ၎င်းတို့သည် ထိုနယ်တကြောတွင် ဆက်လက်၍ လောင်းကစားရန် ဆန္ဒမရှိတော့သဖြင့် ဘက်စ်ကားကြီး

တစ်စီးဖြင့် မြန်မာပြည်အထက်ပိုင်းသို့ခရီးဆက်ခဲ့လေ၏။

၎င်းတို့သည် မြန်မာပြည်အထက်ပိုင်း မြို့ကြီးတစ်မြို့သို့ လွန်သောအခါ အဝေးပြေးလမ်းမပေါ်မှာပင် ကားကိုရပ်ခိုင်း၍ ဆင်းကြ၏။

ထို့နောက် လှည်းလမ်းကြောင်းအတိုင်း ရွာများသို့ ခရီးဆက်ခဲ့ပြန်၏။

ရွာတစ်ရွာသို့ ရောက်သောအခါ ရွာထိပ်ညောင်ပင်အောက်တွင် ကာလသားများ၏ ခြင်းဝိုင်းကို တွေ့ရ၏။

ထိုခြင်းဝိုင်းနှင့် မလှမ်းမကမ်းတွင် ဖဲသမားများ အနားယူကြလေ၏။

ခြင်းခတ်နေသော ကာလသားများသည် ဖဲသမားများကို မသိမသာ အကဲခတ်ကြလေ၏။

ထို့နောက် စပ်စုတက်သော ကာလသားများသည် ဖဲသမားများကို လာရောက်စပ်စုလေ၏။ ထိုအခါ ဖိုးထိန် ဆိုသော ဖဲသမားက သူ၏ အိတ်ထဲရှိ ဖဲချပ်ကလေး ၃ ချပ်ထုတ်၍

" ကျုပ်တို့က ဟောဒီဖဲချပ်တွေကို ဟိုလက်သည်ဘက်ရွှေ့ပြီး လောင်းကစားတဲ့ အလုပ်ဗျ"

ဟု ပြောကာ ဖဲသုံးချပ်ကို ဟိုသည်ရွှေ့ပြလေ၏။ ဂျိုကာဖဲချပ်ကို ရွာသားများအား ပြ၍

" ဟောဒီဖဲချပ်လေးကို ဒီလက်ရွှေ့မယ်ဗျာ၊ ဂျိုကာဖဲချပ်က ဒါဆိုရင်

ဘယ်ကိုရောက်သွားလဲ”

ဟု မေးမြန်းလေရာ ရွာသားများက ၎င်းတို့ မျက်စိရှေ့တွင် ရှင်းလင်းစွာ မြင်ရသဖြင့် ဂျိုကာဖဲချပ်ရှိမည့်နေရာကို သံပြိုင်ပြောဆိုကြလေ၏။ ၎င်းတို့ပြောဆိုသည့်အတိုင်း မှန်ကန်လေ၏။

ထိုအခါ ရွာသားများသည် စိတ်အားထက်သန်သွားကြလေ၏။ ထိုအခါ ဖိုးထိန်က ရွာသားများကို ကြည့်၍ ရယ်မောကာ

“ ကျုပ်တို့အလုပ်က အဲဒီ အလုပ်ပဲ၊ ဟောဒီဖဲချပ်ကလေးကို ခင်ဗျားတို့ရှေ့မှာတင် ရှင်းရှင်းလေး ဟိုဘက် ဒီလက်ကို ရွှေ့တယ်၊ ကျုပ်တို့ရွှေ့တာကို မှန်အောင်ပြောနိုင်ရင် ခင်ဗျားတို့နိုင်မယ်၊ မှားတယ်ဆိုရင်တော့ ကျုပ် တို့နိုင်မယ်၊ ခင်ဗျားတို့ မျက်စိရှင်ရှင်ထားကြည့်ပေါ့ဗျာ၊ ကျုပ်တိုက ဟောဒီလို ရှင်းရှင်းလေးပဲ ပြမှာပါ၊ ခင်ဗျားတို့ မှားစရာ အကြောင်းမရှိဘူး”

ဟု ပြောလေရာ ရွာသားများသည် ဖဲသမားဖိုးထိန် နမူနာပြုလုပ်ခြင်းများကို ကြည့်၍ လောင်းကစားရန် အလွန်စိတ် အားထက်သန်သွား၏။

ထို့ကြောင့် ရွာသို့ပြန်ကာ ပိုက်ဆံများကို ယူလေ၏။

၎င်းတို့နှင့် နီးစပ်ရာ ကာလသားအသိုက်ကိုလည်း ထူးဆန်းသော လောင်းကစားသမားများအကြောင်းကို ဖောက်သည်ချလေ၏။

ရွာသားများသည် ဖဲချပ်ကလေးများကို ဟိုသည်ရွှေ့ပြောင်းခြင်းကို ရှင်းလင်းစွာ မြင်ရသဖြင့် မှန်ကန်စွာ ပြောဆိုနိုင်လိမ့်မည်ဟု ယုံကြည်လေ၏။

ထို့နောက် ရွာသားများသည် ရွာပြင်ရှိ ညောင်ပင်ကြီးအောင်သို့ ရောက်ရှိလာကြလေ၏။

ဖိုးထိန်သည် ရွာသားများရောက်လာသောအခါ သူ၏ လက်ထဲရှိ

ဖဲသုံးချပ်ကို နမူနာအဖြစ် ဟိုသည်ရွှေ့ ပြောင်းပြလေ၏ ။

ထိုအခါ ရွာသားများသည် ဖဲချပ်ကလေးများ ရွှေ့ပြောင်းပုံကို အလွန်သဘောကျပြီး မှန်ကန်စွာ ပြောနိုင်မည် ဟု ယုံကြည်ကြလေ၏ ။

ထို့ကြောင့် စိတ်အားထက်သန်စွာဖြင့် လောင်းကြေးငွေများကို တင်၍ ပွဲကို စတင်လေ၏ ။

ဖိုးထိန်သည် အစပိုင်းတွင် ရွာသားများကို အနိုင်ပေးပြီးနောက် ပိုင်းတွင် တဖြည်းဖြည်း အနိုင်ယူလေ၏ ။

ရွာသားများသည် ဖဲချပ်များ၏ တည်နေရာနှင့် ပတ်သက်၍ ၎င်းတို့၏ ထင်မြင်ချက် လွဲသွားလျှင် အလွန် အံ့သြသွားကြလေ၏ ။

အမှန်စင်စစ် ဖဲသုံးချပ်ကစားနည်းသည် ဖဲကစားသူ၏ လက်လှည့်ကျွမ်းကျင်မှုပင်ဖြစ်၏ ။

ဖဲကိုင်သူသည် ဖဲချပ်များကို လူတို့၏ သာမာန်မျက်စိနှင့် မမြင်နိုင်အောင် မြန်ဆန်စွာ ရွှေ့ပြောင်းနိုင်၏ ။

ထို့ကြောင့် ဖဲသုံးချပ်သမားများသည် လိုရာဖဲချပ်ကို ရွှေ့ပြောင်းပြီး အသားစီးမှ ကစားနိုင်သဖြင့် လောင်း ကစားသူများကို လိမ်ညာသော ကစားနည်းဖြစ်၏ ။

ရွာသားများသည် အသိပညာဗဟုသုတ နည်းသူများဖြစ်၍ ဖဲသုံးချပ်သမားများ၏ လိမ်ညာခြင်းကို ခံရခြင်း ဖြစ်၏ ။

ရွာသားများသည် အစပိုင်းတွင် ဖဲချပ်များ ရွှေ့ပြောင်းမှုကို မှန်ကန်စွာ ပြောနိုင်သော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်း လွဲမှားလာသဖြင့် ထိုးသမျှ ကုန်စင်သွားလေ၏ ။

ရွာသားများသည် ဖဲချပ်များ ရွှေ့ပြောင်းမှုကို မျက်လုံးကျွတ်မတက်

ကြည့်ရှုသော်လည်း ၎င်းတို့၏ ထင်မြင် ချက်များ လွဲမှားသွားသဖြင့် အလွန်အံ့ဩကြလေ၏ ။

ထို့နောက် ထင်မြင်ချက်များ မှန်ကန်နိုးဖြင့် ဆက်လက်၍ ထိုးလေရာ တဖြည်းဖြည်း ရှိသမျှ ငွေစေကြေးစ လေးများ ကုန်စင်လေ၏ ။

ထိုရွာရှိ ရွာသားများ၏ ရှိစုမဲ့စုများ ကုန်စင်သောအခါ ဖဲသုံးချပ်သမားများသည် ထိုရွာမှ ထွက်ခွာခဲ့လေ၏ ။

မောင်ကြီးသည် ရွာသားများ၏ ရှိစုမဲ့စုများကို အနိုင်နှင့် ပိုင်း၍ ရယူလာသော ဖဲသမားများကို မကျေမနပ် ဖြစ်မိလေ၏ ။

ထို့ကြောင့် ရွာမှ ထွက်ခွာလာသောအခါ ရှုံးနိမ့်သွားသော ရွာသားများကို သမင်လည်ပြန်ကြည့်၍

“ သူတို့ခမျာ သနားစရာဗျာ၊ ရှိစုမဲ့စုလေးတွေ ကုန်သွားလို့ အတော်ဒုက္ခရောက်မယ်”

ဟု ပြောလေ၏ ။ ထိုအခါ ဖဲသမားတစ်ယောက်ဖြစ်သူ ဖိုးထိန်က မောင်ကြီး၏ ပခုံးကို ပုတ်၍

“ ဟေ့ကောင်၊ မင်းဟာ လူတွေကို အတော်သနားတက်တဲ့ကောင်ပဲ၊ မှတ်ထား လောကကြီးမှာ ကျင်လည် တော့မယ်ဆိုင်ရင် ဘယ်လိုလူကိုမှ မသနားရဘူးကွ၊ အားနာတယ်ဆိုတာ ပျော့ညံ့ခြင်းတစ်မျိုးပဲကွ၊ ပျော့ညံ့တဲ့ လူတွေဟာ အောင်မြင်ခြင်းနဲက အလှမ်းဝေးတက်တယ်၊ မင်းဟာ ရွာသားတွေ ရှုံးနိမ့်ပြီး ကျန်ခဲ့တာကို သနားနေ တယ်၊ ဒါဟာ ပျော့ညံ့ခြင်းတစ်မျိုးပဲကွ၊ သူတို့ဟာ အသိဉာဏ်ရှိတဲ့လူတွေ ဖြစ်ရက်နဲ့ လောဘကြီးပြီး အမှားကျူး လွန်တယ်လို့ ခံစားလိုက်၊ ဒါဆိုရင် မင်းရဲ့ ပျော့ညံ့တဲ့စိတ်တွေ ပျောက်သွားလိမ့်မယ်”

ဟု ပြောလိုက်ရာ မောင်ကြီးသည် ဖိုးထိန်၏ စကားကို သေချာစွာ

မှတ်သားထားလိုက်လေ၏ ။

ထို့နောက် ခေါင်းတဆက်ဆက်ညိတ်၍

“ ဟုတ်တယ်၊ ငါ့ရင်ထဲမှာရှိတဲ့ ပျော့ညံ့တဲ့စိတ်တွေကို ဖယ်ရှားပစ်ရမယ်၊ ဒါမှ ငါ့အဘွားမသေခင်က ပြောခဲ့ တဲ့ အင်အားကြီးမားတဲ့ သူဖြစ်မယ်၊ အင်အားကြီးမားချင်ရင် ပျော့ညံ့တဲ့စိတ်မရှိရဘူး၊ သူတစ်ပါးကို အားမကိုးရဘူး၊ မသနားရဘူး၊ ရက်စက်စရာရှိရင် ရက်စက်ရမယ်”

ဟု လွဲမှားစွာ တွေးခေါ်မိလေ၏ ။

အမှန်စင်စစ် မောင်ကြီးသည် ဒုစရိုက်သမားနှင့် ပေါင်းသင်းမိပြီး ၎င်းတို့ထံမှ လွဲမှားသော အတွေးအခေါ်များ ကို ရယူနေခြင်းဖြစ်၏ ။

မောင်ကြီးသည် ပင်ကိုယ်စိတ်ဓာတ် မရင့်ကျက်သော လူငယ်လေး တစ်ဦးမျှသာဖြစ်သဖြင့် သူတစ်ပါး၏ အတွေးအခေါ်များကို နားယောင်ခြင်းဖြစ်၏ ။

ဤသို့ဖြင့် ဖဲသုံးချပ်သမားများသည် သူတို့၏ ခရီးစဉ်ကို ဆက်ခဲ့လေ၏ ။ သူတို့သည် မြန်မာပြည် အလယ် ပိုင်းသို့ ရောက်သောအခါ ယခင်က နည်းလမ်းများကို အသုံးမပြုဘဲ ပြောင်းလဲအသုံးပြုကြောင်း တွေ့ရလေ၏ ။

သူတို့သည် ရွာများသို့ရောက်သောအခါ ရွာသူကြီးများကို ဦးစွာဝင်၍ လက်ဆောင်ပဏ္ဏာများ ဆက်သကာ ဤရွာတွင် လောင်းကစားဝိုင်း ပြုလုပ်လိုကြောင်း ခွင့်တောင်းလေ၏ ။

ထိုအခါ ရွာသူကြီးအများစုသည် ၎င်းတို့အား လောင်းကစားဝိုင်း ပြုလုပ်ရန် ခွင့်ပြုလေ၏ ။

အချို့သော ရွာသူကြီးများကမူ ရွာတွင် လူစိမ်းများ ဝင်ထွက်သွားလာပြီး လောင်းကစားခြင်းကို မနှစ်သက် သဖြင့် တားဆီးလေ၏ ။

၎င်းတို့အဖွဲ့သည် ရွာသူကြီးများက မျက်နှာသာပေးလျှင် ပေးသလို

လောင်းကစားပွဲများ ပြုလုပ်ပြီး ငွေရှာ လေ၏။ မောင်ကြီးသည် လောင်းကစားအဖွဲ့၏ ဘုံကျွန်အဖြစ် လုပ်ကိုင်ပေးရင် ဘဝအတွေ့အကြုံ အမျိုးမျိုးကို ကြုံတွေ့ရလေ၏။

သူသည် အချိန်ကာလ ကြာမြင့်ခဲ့သော်လည်း အဘွားဖြစ်သူ သေဆုံးခဲ့ပုံကို မကြာခဏ သတိရလေ၏။

အဘွားသည် ရုပ်ရည် ကြမ်းတမ်းသူတစ်ဦးသာဖြစ်ပြီး မည်သည့်မကောင်းမှု ဒုစရိုက်ကိုမျှ မလုပ်ချေ။

ထိုစဉ်က ရွာသားများသည် အဘွားကြောင့် ရွာသားများ သေဆုံးရသည်ဟု စွပ်စွဲပြီး ရွာမှ မောင်းထုတ်ခဲ့၏။ အဘွားသည် ရွာသားများ၏ မတရားစွပ်စွဲမှုကြောင့် အသေစောခဲ့ရခြင်း ဖြစ်သည်ဟု ယုံကြည်၏။

မောင်ကြီးသည် သူ၏ အဘွားမသေမီက နောက်ဆုံးမှာကြားခဲ့သော လူ့လောကတွင် နေထိုင်လျှင် အင်အား ကြီးမားအောင် လုပ်ဟူသော သဘောတရားကို ထာဝရနှလုံးသွင်းထားလေ၏။

ယခုအချိန်တွင်မူ အင်အားကြီးမားအောင် ပြုလုပ်ဖို့ဝေးစွ၊ ဖဲသမားများ၏ ဘုံကျွန်အဖြစ် လုပ်ကိုင်နေရ၏။

သူသည် ဖဲသမားများနှင့် နေထိုင်စဉ် ဗဟုသုတ အကြားအမြင်မျိုးစုံရရှိသဖြင့် ထိုသူများထံမှ ပညာရပ်မျိုးစုံ ကို သင်ယူနေလေ၏။

ဖဲသမားများသည် တစ်ဦးလျှင် အရည်အချင်းတစ်မျိုးစီရှိကြ၏။ ထိုသူများသည် အတ္တသမားများပင် ဖြစ်၏။

တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်ခြင်း မရှိကြချေ။ မည်သို့ပင်ဖြစ်စေ ထိုသူများထံမှ သင်ယူစရာ မျိုးစုံရှိ သဖြင့် မောင်ကြီးသည် ကျေနပ်နေလေ၏။

*